EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၃၉)　"ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ"　( အောက်တိုဘာ ၂၉ ၊ ၂၀၁၈ )

# ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးကြစေလို



၂၀၁၅ ရွေးကောက်ပွဲမှာ ရွေးကောက်တင်မြှောက်ခံရပြီး လွှတ်တော်ကိုယ်စားလှယ်တာဝန်ကနေ နုတ်ထွက်တာ၊ ကွယ်လွန်သွားတာ၊ ပြည်ထောင်စုအဆင့်မှာ အစိုးရတာဝန်ပေးအပ်ခံရတာ စတဲ့ အခြေအနေတွေကြောင့် ကိုယ်စားလှယ်လစ်လပ်တဲ့ နေရာတွေမှာ ပြန်လည်ခန့်ထားဖို့ လာမယ့်နိုဝင်ဘာလ ၃ ရက်နေ့မှာ ကြားဖြတ်ရွေးကောက်ပွဲကျင်းပတော့မှာ ဖြစ်ပါတယ်။

တစ်နိုင်ငံလုံးမှာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ရဲ့ တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အပါအဝင် ပြည်သူ့လွှတ်တော်လေးနေရာ၊ အမျိုးသားလွှတ်တော် ၁ နေရာနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော် ၈ နေရာ စုစုပေါင်း လစ်လပ်မဲဆန္ဒနယ် ၁၃ နေရာမှာ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမှာ ဖြစ်ပါတယ်။

စာ - ၁၀ သို့ »

စန်းကားကျေးရွာတွင် မူးယစ်ဆေးဝါးသုံးစွဲသူ ပိုမိုများပြားလာ၍ ခိုးဆိုးလုယက်မှုများ ဆိုးရွားလာ

စာ - ၂ သို့ »

ဆန္ဒပြ ကချင်လူငယ်ခေါင်းဆောင်များကို တပ်မတော်ကအမှုဖွင့်ခြင်းသည် ကချင်လူငယ်များ ပါဝင်လှုပ်ရှားမှုနည်းအောင် ဖိအားပေးနေခြင်းဖြစ် .....

စာ - ၄ သို့ »

မြန်မာအစိုးရအပေါ် ပြည်ပနိုင်ငံများ ဝင်ရောက်စွက်ဖက်မှုကို မလိုလားသည့် မိုးညှင်းဒေသခံများ ဆန္ဒဖော်ထုတ်

စာ - ၁၁ သို့ »

သိမ်းဆည်းခံခဲ့ရသည့် ဖားကန့်တောင်သူ တစ်ရာကျော်၏ မြေများပြန်လည်ရရှိရေး ကြိုးပမ်း

စာ - ၅ သို့ »

၂၀၁၈ ဖိလစ်ပိုင် မင်ဒါနာအိုကျွန်းရဲ့ နိုင်ငံရေးအလှည့်အပြောင်း (ယခင်အပတ်မှအဆက်)

M kawn La ရေးသားသည်။

စာ - ၆ သို့ »




## ကချင်လွတ်လပ်ရေး တပ်မတော်နေ့အထိမ်းအမှတ် အခမ်းအနားတွင် ဗိုလ်ချုပ်ကြီးအင်ဘန်လ မိန့်ခွန်းပြော

အောက်တိုဘာ ၂၆

အောက်တိုဘာ ၂၅ ရက်နေ့တွင် ကျရောက်သည့် ၅၈ နှစ်မြောက် ကချင်လွတ်လပ်ရေးတပ်မတော်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် ကချင်လွတ်မြောက်ရေးအဖွဲ့၊ ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်ကြီး အင်ဘန်လက မိန့်ခွန်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ မိန့်ခွန်းကို ကချင်ဘာသာဖြင့် မိန့်ကြားခဲ့ခြင်းဖြစ်ပြီး ထိုမိန့်ခွန်းတွင် ကချင်ပြည်နယ်သူ၊ ပြည်နယ်သားများ၊ ကချင်လူမျိုးများနှင့် လက်ရှိကေအိုင်အို၏ ဆောင်ရွက်နေမှု ငြိမ်းချမ်းရေးလမ်းစဉ်တို့ကို ထုတ်ပြန်ပြောကြားခဲ့ခြင်းဖြစ်သည်။

ကချင်ပြည်သူလူထုနဲ့ ကချင်လူမျိုးများအားလုံး စိတ်ဓာတ်ကျအားငယ်စိတ်၊ အရှုံးပေးချင်သည့်စိတ်များ ဖျောက်ကာ အချင်းချင်း အပြစ်တင်နေမည့်အစား . . .

စာ - ၂ သို့ »

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( အောက်တိုဘာ ၂၉ ၊ ၂၀၁၈ )

# ကချင်လွတ်လပ်ရေး တပ်မတော်နေ့အထိမ်းအမှတ် အခမ်းအနားတွင် ဗိုလ်ချုပ်ကြီးအင်ဘန်လ မိန့်ခွန်းပြော



အောက်တိုဘာ ၂၆

အောက်တိုဘာ ၂၅ ရက်နေ့တွင် ကျရောက်သည့် ၅၈ နှစ်မြောက် ကချင်လွတ်လပ်ရေးတပ်မတော်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် ကချင်လွတ်မြောက်ရေးအဖွဲ့၊ ဗဟိုကော်မတီဥက္ကဌ၊ ဗိုလ်ချုပ်ကြီး အင်ဘန်လက မိန့်ခွန်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ မိန့်ခွန်းကို ကချင်ဘာသာဖြင့် မိန့်ကြားခဲ့ခြင်းဖြစ်ပြီး ထိုမိန့်ခွန်းတွင် ကချင်ပြည်နယ်သူ၊ ပြည်နယ်သားများ၊ ကချင်လူမျိုးများနှင့် လက်ရှိကေအိုင်အို၏ ဆောင်ရွက်နေမှု ငြိမ်းချမ်းရေးလမ်းစဉ်တို့ကို ထုတ်ပြန်ပြောကြားခဲ့ခြင်း ဖြစ်သည်။

ကချင်ပြည်သူလူထုနဲ့ ကချင်လူမျိုးများအားလုံး စိတ်ဓာတ်ကျအားငယ်စိတ်၊ အရှုံးပေးချင်သည့်စိတ်များ ဖျောက်ကာ အချင်းချင်း အပြစ်တင်နေမည့်အစား အချင်းချင်း ခွန်အားမြှင့်တင်ကာ တာဝန်တစ်ခုအနေဖြင့် ဆောင်ရွက်ကြရမည်ဟု ပြောကြားခဲ့သည်။

အမျိုးသားလွတ်လပ်ရေး လမ်းစဉ်မှာ ခရီးလမ်းကြာရှည်ပြီး မည်သည့် ဒုက္ခရပ်များဖြင့် မဆို ကြုံတွေ့လာလျှင်လည်း အောင်မြင်စွာဖြတ်ကျော်ကြရမည်ဖြစ်ပြီး ပန်းတိုင်မရောက်ခင် လမ်းတစ်ဝက်တွင် ရပ်လိုက်ခြင်းမျိုးမဖြစ်ရန် လိုအပ်ကြောင်းလည်း ဗိုလ်ချုပ်ကြီး အင်ဘန်လက ပြောခဲ့သည်။

"အဓိက အရေးကြီးတာကတော့ အချင်းချင်း စည်းစည်းလုံးလုံးနဲ့ ရှေ့ဆက်သွားကြဖို့ပါပဲ။ လွတ်လပ်တဲ့တိုင်းပြည်တစ်ခု ဖြစ်ပေါ်လာဖို့ဆိုတာကတော့ ညီညွတ်မှုအပေါ်မှာ အဓိကကျပါတယ်။ ကချင်ပြည်သူများနဲ့ ကချင်လူထုတစ်ရပ်လုံး နေရာတိုင်းမှာ စည်းစည်းလုံးလုံးရှိမယ်ဆိုရင် လွတ်လပ်ရေးလမ်းစဉ် တစ်ဝက်လောက် အောင်မြင်နေပါပြီ"ဟု ဗိုလ်ချုပ်ကြီးအင်ဘန်လက ပြောသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးကိစ္စရပ်များကို နိုင်ငံတကာရှေ့တွင် ဖြေရှင်းရမည့် အခြေအနေအမျိုး မတွေ့ရခြင်းကြောင့် လက်နက်ကိုင် အဖွဲ့အစည်းများအားလုံး အင်အားဖြည့်တင်းထားဖို့ လိုအပ်ကြောင်း၊ ကချင်လွတ်လပ်ရေးအဖွဲ့မှာ စစ်ရေးဗျူဟာနှင့် နိုင်ငံရေးဆွေးနွေးမှုလမ်းစဉ်တွဲကာ လုပ်ဆောင်နေပြီး နိုင်ငံရေးလမ်းစဉ်ကို ရှာဖွေမည် ဖြစ်သလို တစ်ဘက်တွင် မိမိတို့၏ စစ်တပ်ကိုလည်း တိုးပွားအောင် အင်အားဖြည့်တင်းနေသည့် ကာလဖြစ်သည်ဟုလည်း ၎င်းကပြောသည်။

ပြည်တွင်းစစ်နှင့် အမျိုးသားလွတ်လပ်ရေး ရရှိရေးကို မှန်ကန်သော နိုင်ငံရေးလမ်းစဉ်ဖြင့်သာ လုပ်ဆောင်ပြီး ရှာဖွေနိုင်မည်ဖြစ်ကြောင်း၊ သို့သော် တောင်ပေါ်နေ ပြည်သူများ တိုးတက်ဖွံ့ဖြိုးရေးကို မလိုလားသည့် တပ်မတော်မှ ထိုးစစ်ဆင်မှုများကို လုပ်ဆောင်နေသည်ဟုလည်း မိန့်ခွန်းတွင် ပြောကြားထားသည်။

"အခုအချိန်မှာ မြန်မာ့တပ်မတော်ကို နိုင်ငံတကာမှ အပြစ်ပေးအရေးယူဖို့အတွက် ပြောဆိုနေသည်နှင့်အမျှ တကယ်လည်း တခြားနိုင်ငံတွေက ဝင်ရောက်ပါဝင်လာပြီ ဖြစ်တယ်။ မြန်မာ့တပ်မတော်နှင့် ပတ်သက်၍ အစိုးရခေါင်းဆောင်များကိုလည်း အမြဲတမ်းပြောနေကျ၊ နည်းလမ်းအမျိုးမျိုးနဲ့ တားဆီးလာပြီပဲ ဖြစ်ပါတယ်။ ဒီလိုဖြစ်လာတာက အစိုးရခေတ်အဆက်ဆက် တောင်ပေါ်ဒေသရှိ ပြည်သူများကို အနှစ် ၇၀ တိုင် ရက်ရက်စက်စက် ညှင်းပန်းနှိပ်စက်၊ သတ်ဖြတ်မီးရှို့၊ လူ့အခွင့်အရေးချိုးဖောက်သော၊ လူမျိုးပြုန်းတီးသောအဖြစ်များ အတွက် ရရှိသော အဓိကအဖြေဖြစ်ပါတယ်"ဟု မိန့်ခွန်းတွင် ဖြေကြားထားသည်။

နိုင်ငံရေးဆွေးနွေးမှုများ မရရှိသေးသည့် အချိန်မှစ၍ မြန်မာ့တပ်မတော်က တော်လှန်ရေးအဖွဲ့အားလုံးကို "ခွဲမထွက်ရ"ဟူသော ကတိကို အတင်းတောင်းခံနေခြင်းမှာ တောင်တန်းဒေသရှိ ပြည်သူများ၏ နိုင်ငံရေးလမ်းစဉ်ကို ရိုက်ချိုးခြင်းဖြစ်ပြီး ခွဲမထွက်ရေးမူ စုပေါင်းဆွေးနွေးပါက မှန်ကန်သည့် ဆုံးဖြတ်ချက် ရရှိမည်ဟုလည်း ၎င်းကပြောသည်။

အောက်တိုဘာလ ၂၅ ရက်နေ့တွင် ကျရောက်သည့် ၅၈ နှစ်မြောက် ကေအိုင်အိုအထိမ်းအမှတ်နေ့ကို ဌာနချုပ်ရှိရာ လိုင်ဇာနှင့် ထိန်းချုပ်ဒေသများတွင် ဆုတောင်းပွဲများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

Salai

# စန်းကားကျေးရွာတွင် မူးယစ်ဆေးဝါးသုံးစွဲသူ ပိုမိုများပြားလာ၍ ခိုးဆိုးလုယက်မှုများ ဆိုးရွားလာ

ဝိုင်းမော်၊ အောက်တိုဘာ ၂၃

ဝိုင်းမော်မြို့နယ်၊ စန်းကားကျေးရွာတွင် ရှေးယခင်ကထက် မူးယစ်ဆေးဝါးသုံးစွဲသူ ပိုမိုများပြားလာသဖြင့် ကျေးရွာအတွင်း ခိုးမှု၊ လုယက်မှုများ များပြားလာကြောင်း ဒေသခံများကပြောသည်။

"အောက်တိုဘာလ (၂၃) ရက်နေ့က ကျင်းပသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများတွေ့ဆုံသည့် အခမ်းအနားတွင် ဒေသခံများက ပြောကြားခဲ့ခြင်းဖြစ်ပြီး မူးယစ်ဆေးဝါးသုံးစွဲမှုများ လျော့နည်းသွားအောင် တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ပေးရန်လည်း ဒေသခံများက တောင်းဆိုခဲ့ကြသည်။

လူဦးရေ ၄၀၀၀ နီးပါးခန့် ရှိသည့် စန်းကားကျေးရွာတွင် မူးယစ်ဆေးဝါးသုံးစွဲသူ ရာနှင့်ချီ၍ရှိနေပြီး ယခုနှစ်တွင် အသက် ၁၈ နှစ်မှ ၃၀ အတွင်း လူငယ်များ သုံးစွဲမှု ပိုမိုများပြားလာကြောင်း၊ ယင်းသို့များပြားလာခြင်းကြောင့် ခိုးဆိုးလုယက်မှုများလည်း များပြားလာကာ ကျေးရွာလုံခြုံရေးကို ထိခိုက်လာကြောင်း ဒေသခံ ဦးနော်မိုင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"မူးယစ်ဆေးဝါးက တစ်ရွာလုံးတော့ပျံ့နေတာပဲ။ ဒီမူးယစ်ဆေးဝါးရှုပြီဆိုရင် အိမ်က ပစ္စည်းခိုးလာတယ်၊ သူများပစ္စည်းခိုးတယ်၊ အဲ့ဒါက ပိုပြီးမှ ဂယက်ရိုက်တာပေါ့။ ဆန်အိတ်ကို ထိုင်ပြီးစောင့်နေရတဲ့ ပုံစံမျိုးတောင် ဖြစ်လာတယ်။ မျိုးစေ့တွေ ဘာပဲထားထား အားလုံး လုယူသွားတာပဲ။ ကိုယ့်အိမ်သူ့အိမ်အားလုံး . . တစ်ရွာလုံး လိုလိုပဲ၊ ဆိုင်ကယ်ကအစ၊ နည်းနည်းလေးထားလိုက်တာနဲ့ ဆိုင်ကယ်တွေဆို ချက်ချင်းပဲပျောက်တယ်. . . အများကြီးဖြစ်တယ်။ ဘယ်လောက်ထိဆိုးလဲဆိုရင် လမ်းမပေါ် ဆိုင်ကယ်စီးနေတာကို တောင် ခဲနဲ့ပစ်ပြီး ပိုက်ဆံလုတဲ့အထိပဲ"ဟု ဦးနော်မိုင်က ပြောသည်။

အမည်မဖော်လိုသူ ဒေသခံတစ်ဦးကလည်း၎င်းတို့ဒေသတွင် မူးယစ်ဆေးဝါးပြဿနာများ ပိုမိုဆိုးရွားလာသဖြင့် ရပ်ရွာရှိလူငယ်အများစုမှာ ရပ်ကျိုးရွာကျိုးအတွက် ဆောင်ရွက်မှုများ နှောင့်နှေးလာကာ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း ထိခိုက်မှုများရှိလာသည်ဟု ပြောသည်။

"အရင်တုန်းက ဆေးလိပ်၊ အရက်လုံးဝမသောက်တဲ့ လူငယ်တွေ အခုဆို ဘိန်းစားဖြစ်ကုန်ပြီ။ ငယ်ငယ်ရွယ်ရွယ် ဒေသခံလေးတွေကပျက်စီးနေပြီဆိုတော့ စိတ်ဓာတ်ကျတာပေါ့။ ကျေးရွာဖွံ့ဖြိုးရေးသော်လည်းကောင်း၊ ကျန်းမာရေး သော်လည်းကောင်း၊ လုပ်ငန်းပိုင်းတွေမှာပေါ့ဗျာ။ အရွယ်ကောင်းတွေလုပ်ရမယ့် အလုပ်တွေ မလုပ်ဘဲ အသက်ကြီးပုဂ္ဂိုလ်တွေပဲ လုပ်ရတဲ့အခါကျတော့ စီးပွားရေးမှာလည်း အဟန့်အတားဖြစ်တယ်" ဟု အမည်မဖော်လိုသော ဒေသခံကပင်ဆက်၍ ပြောသည်။

ထိုသို့မူးယစ်ဆေးဝါးသုံးစွဲသူများကြောင့် မိသားစုများ ဆင်းရဲဒုက္ခရောက်ရကြောင်း၊ ငယ်ငယ်ရွယ်ရွယ်နှင့် အသက်ဆုံးရှုံးရသော အဖြစ်များလည်းကြုံတွေ့နေကြရကြောင်း၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်မှု ပြုလုပ်သူများကိုလည်း ခြိမ်းခြောက်မှုများ ရှိနေကြောင်း၊ ထိုမူးယစ်ဆေးဝါးသမားများကို ထိရောက်သည့်အရေးမူများလည်း မရှိသေးကြောင်း ထိုဒေသခံက ဆက်လက်ပြောကြားသည်။



စန်းကားကျေးရွာအုပ်ချုပ်ရေးအဖွဲ့အနေဖြင့် ကျေးရွာအတွင်း မူးယစ်ဆေးဝါးရောင်းဝယ်မှုများ လျော့နည်းသွားအောင် သတင်းပေးမှုများ၊ ပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့သော်လည်း ဒေသခံများက ပူးပေါင်းပါဝင်မှု အားနည်းနေသောကြောင့် မအောင်မြင်ခဲ့ဟုလည်း အုပ်ချုပ်ရေးမှူးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

" ဒီရွာမှာ အသိပေးမှုတွေ လုပ်လည်းလုပ်နေပြီ။ ရောင်းဝယ်နေတာတွေ့ရင် သတိပေးမှုတွေ နှစ်ခါသုံးခါ လုပ်ပြီး ပစ္စည်းပြန်တွေ့ရင်တော့ မူးယစ်လက်အပ်တယ်။ မူးယစ်ဆေးမိလို့ အရေးယူမယ်ဆိုရင်လည်း မိဘတွေက ကိုယ့်သားသမီးအတွက် အသနားခံတာတွေ လာလုပ်တော့ သတိပေးပြီးပဲလွှတ်လိုက်ရတယ်။ ဒါကြောင့် အဓိကက ဒေသခံတွေနဲ့ ပိုပြီးဆိုင်တယ်"ဟု စန်းကား အုပ်ချုပ်ရေးမှူးက ပြောသည်။

မူးယစ်ဆေးဝါး ကျဆင်းရေးနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မူးယစ်တားဆီးကာကွယ်ရေး အဖွဲ့များအနေဖြင့် အဂတိတရားကင်းစွာ ကြပ်ကြပ်မတ်မတ် ကိုင်တွယ်ဖြေရှင်းပေးစေလိုပြီး ဥပဒေအရ အရေးယူမှုများ ဆောင်ရွက်ပေးရန် ဒေသခံများက ဆန္ဒရှိနေကြသည်ဟုလည်းဆိုသည်။

စန်းကားကျေးရွာတွင် နယ်မြေအုပ်စု ၁၀ ခုနှင့် အိမ်ခြေ ၅၀၀ ခန့်၊ ဒေသခံဦးရေ ၃၇၀၃ ဦးရှိကြောင်းသိရသည်။

Ann/ Benadeth

# ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်မည့် ကိုယ်စားလှယ်လောင်းများ



ဒေါ် ယမ်ခေါန်

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**



ဦးဆီဟူးဒွေ့

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**



ဦးကွမ်ဂေါင်အောင်ခမ်း

**ကချင်ဒီမိုကရက်တစ်ပါတီ**



ဒေါ် ခင်အုန်း

**တိုင်းလိုင်(ရှမ်းနီ)နှင့် မြောက်ပိုင်းရှမ်း မျိုးနွယ်စုများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ**



ဒေါ် MD ခေါ်ညွယ်

**ပြည်ထောင်စုတိုင်းရင်းသားများဖယ်ဒရယ် ဒီမိုကရေစီပါတီ**



ဒေါက်တာသန်းထိုက်ဦး

**တစ်သီးပုဂ္ဂလ**

AKZ GROUP
High Class
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)


BRAND NEW
SCANIA ( 2+1 ) VIP
ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ
နံနက်(၁၀)နာရီ ( 2+2) ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

# ဆန္ဒပြ ကချင်လူငယ်ခေါင်းဆောင်များကို တပ်မတော်ကအမှုဖွင့်ခြင်းသည် ကချင်လူငယ်များ ပါဝင်လှုပ်ရှားမှုနည်းအောင် ဖိအားပေးနေခြင်းဖြစ် …

အောက်တိုဘာ ၂၆

ပိတ်မိစစ်ရှောင်ပြည်သူများ လွတ်မြောက်လာရေးအတွက် ဆန္ဒပြဦးဆောင်သူ သုံးဦးကို အသရေဖျက်မှုပုဒ်မ - ၅၀၀ဖြင့် တရားစွဲဆိုထားသည့် အမှုနှင့်ပတ်သက်၍ အမြန်ဆုံး ရုတ်သိမ်းပေးပါရန် ကချင်တစ်မျိုးသားလုံးဆိုင်ရာကွန်ဂရက်(WKC)အဖွဲ့က အောက်တိုဘာလ ၂၂ ရက်နေ့က တောင်းဆိုခဲ့သည်။

ကာမိုင်းမြို့နယ်၊ လိုင်နောင်းခူးဒေသတွင် တိုက်ပွဲတွင်းပိတ်မိနေသော ပြည်သူများ လွတ်မြောက်လာရေးအတွက် မေလဆန်းပိုင်းက ဆန္ဒပြသူများကို ဦးဆောင်ခဲ့သူ ကိုဇော်ဂျတ်၊ ကိုလွမ်းဇောင်း၊ ဒေါ်နန်ပူတို့အား အသရေဖျက်မှုဖြင့် တရားစွဲဆိုထားခြင်းကို ရပ်တန့်ရန်နှင့် ရွေးချယ်ခံ မြန်မာအစိုးရကလည်း အမြင့်ဆုံးပါဝါသုံးကာ ရပ်တန့်ပေးရန် တောင်းဆိုကြောင်း WKC က သဘောထားထုတ်ပြန်ခဲ့သည်။

“ဒီစွဲဆိုမှုဟာ တရားမမျှတတဲ့ စွဲထားမှုဖြစ်ပါတယ်။ တပ်မတော်ကနေပြီးမှ ကချင်လူငယ်တွေရဲ့ လှုပ်ရှားပါဝင်မှုကို နည်းပါးသွားအောင် ဥပဒေကြောင်းအရ ဖိအားပေးမှုဖြစ်ပါတယ်။ ပြီးတော့ ကချင်နဲ့ရှမ်းပြည်နယ်မှာရှိတဲ့ ဖမ်းဆီးထားမှု ဖိနှိပ်မှုတွေ ဖြေလျှော့ပေးဖို့ ပြောလိုပါတယ်။ ဒါမှ စစ်မှန်တဲ့ငြိမ်းချမ်းရေးနဲ့ ဖက်ဒရယ်နိုင်ငံတည်ဆောက်မှုအတွက် အထောက်အကူ ဖြစ်စေမှာဖြစ်ပါတယ်” ဟုထုတ်ပြန်ချက်တွင် ရေးသားဖော်ပြထားသည်။

ထို့အပြင် ကချင်အမျိုးသားအစည်းအရုံး(ဂျပန်)ကလည်း ဆန္ဒပြဦးဆောင်သူ ၃ ဦး တရားစွဲဆိုခံထားရမှုနှင့် ပတ်သက်၍ ပြန်လည်ရုတ်သိမ်းပေးရန်နှင့် တရားရုံးကို လက်နက်သဖွယ် အသုံးချ၍ ပြည်သူကို ဖိနှိပ်နေခြင်း ဒီမိုကရေစီကို ဥပက္ခာပြု၍ အာဏာရှင်ဆန်ဆန် ပြုမူနေခြင်းကို ပြင်းထန်စွာကန့်ကွက်သည်ဟု သဘောထား ထုတ်ပြန်ချက်တွင် ပါဝင်ခဲ့သည်။

မြန်မာ့တပ်မတော်မှကချင်၊ ကရင်၊ ပလောင်၊ ရှမ်း၊ ရခိုင်စသည့် တိုင်းရင်းသားဒေသများတွင် သာလွန်အင်အားသုံးကာ ထိုးစစ်ဆင်နေမှုများ၊ သတ်ဖြတ်မှုများနှင့် အခြားသော ရာဇဝတ်မှု ကျူးလွန်မှုများကို ရပ်တန့်ပြီး အမြန်ဆုံးရုပ်သိမ်းပေးရန်လည်း တောင်းဆိုကြောင်းလည်း ကချင်အမျိုးသားအစည်းအရုံး(ဂျပန်) က တောင်းဆိုခဲ့သည်။

ဆန္ဒပြဦးဆောင်သူ ၃ ဦး ဖြစ်သည့် ကိုဇော်ဂျတ်၊ ကိုလွမ်းဇောင်း၊ ဒေါ်နန်ပူတို့ သုံးဦးအားဆန္ဒထုတ်ဖော်စဉ်ပြောဆိုမှုများတွင် တပ်မတော်၏ဂုဏ်သိက္ခာ ထိခိုက်စေမှုပါဝင်သည်ဟုဆိုကာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးမင်းဦးက တရားလိုပြုကာ အသရေဖျက်မှုဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ကိုဇော်ဂျတ်နှင့် ဒေါ်နန်ပူကိုမူ မေလ ၁ ရက်နေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုခဲ့သည့် ပြောဆိုချက်များအရ စွဲဆိုထားခြင်းဖြစ်ပြီးကိုလွမ်းဇောင်းကိုမူဆန္ဒထုတ်ဖော်သည့်အချိန်တွင် လူငယ်များပြောဆိုချက်အရ စွဲဆိုခြင်းဖြစ်သည်ဟုလည်း သိရသည်။

လက်ရှိအနေအထားတွင် ဆန္ဒပြဦးဆောင်သူ သုံးဦး၏ သက်သေများကို စစ်ဆေးနေပြီး အောက်တိုဘာ ၂၉ ရက်နေ့တွင် ထပ်မံရုံးချိန်းထားသည်။

Salai

# ကြားဖြတ်ရွေးကောက်ပွဲ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ဦးအောင်ခမ်းနှင့် ဂေါ်ရခါးလူမျိုးများတွေ့ဆုံ

အောက်တိုဘာ ၂၆

မြစ်ကြီးနားမြို့နယ်ရှိဂေါ်ရခါးလူမျိုးများနှင့် မြစ်ကြီးနားမြို့နယ် ကြားဖြတ်ရွေးကောက်ပွဲ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ဦးကွမ်ဂေါင်အောင်ခမ်းတို့ အောက်တိုဘာလ ၂၅ ရက်နေ့က မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်၊ အဖွဲ့ခွဲ၊ မြစ်ကြီးနားမြို့ရှိ ဓမ္မသာလဂေဟာတွင် တွေ့ဆုံခဲ့ကြကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲတွင် မြစ်ကြီးနားမြို့နယ် ရပ်/ကျေးဂေါ်ရခါးအဖွဲ့ ၁၂ ဖွဲ့၊ အမျိုးသမီးရေရာနှင့် လူငယ်အဖွဲ့မှ ကိုယ်စားလှယ်များ စုစုပေါင်း အယောက်၅၀ကျော်ခန့်တက်ရောက်ခဲ့ကြသည်ဟု သိရသည်။

ကချင်ပြည်နယ် အတွင်းတွင် နေထိုင်သည့် ဂေါ်ရခါးလူမျိုးများမှာ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် နှစ်ပေါင်းများစွာ အတူတကွ နေထိုင်လာခဲ့သဖြင့် ယင်းတို့က အခက်အခဲများကို တင်ပြဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း ဂေါ်ရခါးလူမျိုးတစ်ဦးဖြစ်သူ ရှေ့နေဦးဂဲနက်(စ်)က ပြောသည်။

“ယနေ့အချိန်ထိ နိုင်ငံသားမှတ်ပုံတင် ပြုလုပ်တဲ့အချိန်မှာ အခက်အခဲလေးတွေ ရှိနေတယ်။ ကျွန်တော်တို့က ဌာနေတိုင်းရင်းသားတွေနဲ့ နှစ်ပေါင်းရှည်ကြာစွာ နေလာခဲ့ပြီးမှ ယနေ့အချိန်ထိ ဒီလိုအခက်အခဲလေးတွေ ကြုံတွေ့ရတဲ့ဟာတွေကို ကချင်လူမျိုးတွေက ကောင်းကောင်းသိတယ်။ သိတဲ့အချိန်မှာပြင်ဆင်သင့်တဲ့ဟာတွေ ပြဌာန်းသင့်တဲ့ဟာတွေ အသစ်တင်သွင်းသင့်တဲ့ ဥစ္စာတွေနဲ့ပတ်သက်ပြီးမှ ဒီကိုယ်စားလှယ်လောင်းက ဆောင်ရွက်ပေးမယ်ဆိုပြီးမှ ဒီကိုယ်စားလှယ်လောင်းက ကတိကဝတ်ခံသွားတယ်ဗျ။ ဒီလိုတွေ ဆောင်ရွက်ပေးနိုင်တယ်လို့ ကတိကဝတ်ခံသွားတဲ့ အချိန်ကျတော့ အများကြီးမျှော်လင့်လို့ရသွားတာပေါ့”ဟု ဦးဂဲနက်(စ်)က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ဂေါ်ရခါးလူမျိုးများ၏ လိုလားချက်များ၊ နစ်နာချက်အချို့ကို ဆွေးနွေးခဲ့ကြပြီး ၎င်းတို့၏ အခက်အခဲများကို တတ်စွမ်းသမျှကူညီသွားမည်ဖြစ်ပြီး အနာဂတ်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သွားရန် မျှော်လင့်ကြောင်းလည်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ကချင်ဒီမိုကရက်တစ်ပါတီ (KDP) ဥက္ကဋ္ဌ ဦးအောင်ခမ်းက ပြောသည်။





လက်ရှိအချိန်တွင် ဂေါ်ရခါးလူမျိုးများ၏ အဓိကအခက်အခဲမှာ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ရာတွင် ခက်ခဲနေခြင်းဖြစ်သည်ဟုလည်း ဦးအောင်ခမ်းက ပြောသည်။

“ကချင်ပြည်နယ်က ဂေါ်ရခါးတွေနဲ့ ဟိုးအရင်ကတည်းကနေ အတူနေထိုင်လာကြတယ်။ ကချင်တပ်ရင်းတွေမှာလည်း အတူတကွလက်တွဲပြီး ဆောင်ရွက်ခဲ့ကြပြီး ညီအစ်ကိုလိုပဲနေလာခဲ့ကြတဲ့ လူမျိုးတွေဖြစ်တယ်။ ဒါကြောင့် ညီအစ်ကိုတွေ အားလုံး လက်တွဲပြီးမှ အနာဂတ်မှာလည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် လိုလားပါတယ်။ အတတ်နိုင်ဆုံးကူညီပါ့မယ်၊ မဲဆွယ်စည်းရုံးတာတင် မဟုတ်ပါဘူး၊ အနာဂတ်မှာ အတူတကွနေထိုင်ဖို့ လက်တွဲဆောင်ရွက်ဖို့လိုတယ်။ ဒါကြောင့် ဂေါ်ရခါးတွေရဲ့ လိုလားချက်တွေကို ကျွန်တော်က အစွမ်းကုန် လုပ်ဆောင်ပေးပါမယ်လို့ ပြောပြခဲ့ပါတယ်”ဟု ဦးအောင်ခမ်းက ပြောသည်။

ဦးအောင်ခမ်းသည် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မြစ်ကြီးနားမြို့နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)လစ်လပ်နေရာမှ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ပြီး ၊ ၎င်းသည် ကချင်ပြည်နယ်နိုင်ငံရေးပါတီ ၄ ပါတီ ပေါင်းစည်းထားသည့် ကချင်ပြည်နယ်ပါတီကိုယ်စား ဝင်ရောက်ယှဉ်ပြိုင်ခြင်းလည်း ဖြစ်သည်။

Salai

မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဇော်နိုင်ဦး

**စာပြင်**
မြတ်သွေးထက်

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)၊ မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)၊ ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
ခိုခိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# အင်ဂျန်းယန် စစ်ရှောင်များ တြီနတီဘုရားကျောင်းဝင်းအတွင်းမှ စခန်းအသစ်သို့ ပြောင်းရွှေ့



အောက်တိုဘာ ၂၅

အင်ဂျန်းယန်ဒေသတွင် ယခုနှစ် ဧပြီလအတွင်းကဖြစ်ပွားသော တိုက်ပွဲများကြောင့် မြစ်ကြီးနားမြို့၊ နောင်နန်းကျေးရွာ တြီနတီဘုရားကျောင်းဝင်းသို့ထွက်ပြေးတိမ်းရှောင်လာကြသော စစ်ရှောင်များသည် မြစ်ကြီးနား - မြစ်ဆုံလမ်းမကြီးနံဘေးရှိ ပလနကျေးရွာအထက်တန်းကျောင်းနောက်ဘက်တွင် အသစ်တည်ဆောက်လိုက်သောစစ်ရှောင်စခန်းသို့ အောက်တိုဘာလ ၂၄ ရက်က ပြောင်းရွှေ့ခဲ့ကြသည်။

အိမ်ထောင်စု ၁၇၇ စု၊ လူဦးရေ ၈၄၀ ကျော် ပြောင်းရွှေ့နေထိုင်ခဲ့ကြခြင်း ဖြစ်ကာ ပြောင်းရွှေ့နေထိုင်သည့် စစ်ရှောင်စခန်းတွင် အခန်းပေါင်း ၁၉၀ တည်ဆောက်ထားပြီး လူဦးရေ ကိုးယောက်နှင့်အထက်ရှိသည့် မိသားစုများကို အိမ်ခန်းနှစ်ခန်း ပေးသွားမည်ဟု စစ်ရှောင်စခန်းတာဝန်ခံဆရာလခေါင်က မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

"ဘုရားကျောင်း ဖြစ်တဲ့အတွက် နေရာနည်းနည်းကျဉ်းတယ်။ အိပ်ဖို့နေရာပဲရှိတယ်။ ထမင်းချက်စားမယ့် နေရာမရှိဘူး။ အားလုံးပေါင်းပြီး ချက်စားမယ်ဆိုလည်း အဆင်မပြေဘူး။ တစ်ယောက်အကြိုက်နဲ့ တစ်ယောက်အကြိုက်က မတူဘူးလေ"ဟု တာဝန်ခံဆရာလခေါင်က ပြောသည်။

အင်ဂျန်းယန်မှ ပြောင်းရွှေ့လာသော စစ်ရှောင်များသည် ထြီနီတီ ဘုရားကျောင်းဝင်းတွင် ၆ လခန့် နေထိုင်ခဲ့ပြီး ပြောင်းရွှေ့မှုတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၏ ပံ့ပိုးမှုဖြင့် ပြောင်းရွှေ့ခြင်းဖြစ်ကာ အိုင်စီအာစီက ကူညီမှုများလည်း ဆက်လက်ဆောင်ရွက်နေကြောင်း ပြန်ကြားရေးဆက်သွယ်ရေးမှ ဦးဇော်ဖန်က ပြောသည်။

"ကျွန်တော်တို့ အဖွဲ့က လျှပ်စစ်မီးနဲ့ ရေနုတ်မြောင်းတွေ ဖောက်လုပ်ပေးနေပါတယ်။ပြီးတော့ဂါလံ ၅၀၀၀ ဆံ့ ရေကန်ကြီး ဆောက်လုပ်ဖို့ရှိပါတယ်။ ရေစင်ကြီးဆောက်လုပ်ပြီးရင်တော့ သဘာဝနေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ကို အသုံးပြုပြီး ရေရရှိအောင် ဆောင်ရွက်ပေးသွားမှာပါ"ဟု ဦးဇော်ဖန်က ပြောသည်။

စစ်ရှောင်စခန်း အသစ်တွင် အိမ်ခန်းနံပါတ်များ တပ်ဆင်ထားရာ ပြောင်းရွှေ့မည့် စစ်ရှောင်များကို တြီနတီအသင်းတော်မှ camp တာဝန်ခံက မဲစနစ်ဖြင့် အခန်းခွဲဝေပေးခဲ့ကြောင်း သိရသည်။

ဘုရားကျောင်းဝင်း အတွင်း နေထိုင်စဉ်က မီးဖိုချောင် အခက်အခဲ၊ ရေချိုးခန်း၊ အိမ်သာအခက်အခဲများ ရှိခဲ့သော်လည်းယခုနေရာသစ်တွင် အိမ်သာ၊ ရေချိုးခန်းများကို စနစ်တကျ သေသပ်စွာဆောက်လုပ်ပေးထားသည်။

Ah Je

---

# သိမ်းဆည်းခံခဲ့ရသည့် ဖားကန့်တောင်သူ တစ်ရာကျော်၏မြေများ ပြန်လည်ရရှိရေးကြိုးပမ်း

အောက်တိုဘာ ၂၆

ဖားကန့်မြို့နယ်၊ ဆိုင်းဝမ်ရပ်ကွက်ရှိ တောင်သူ ၁၀၀ ကျော်၏မြေနေရာများကိုသိမ်းယူခဲ့သည်ဟုဆိုကာ လျော်ကြေးပြန်လည်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

အထက်ပါ ကျေးရွာကို ၁၉၉၅ ခုနှစ်စစ်အစိုးရလက်က သိမ်းယူခဲ့ပြီး ယခု လယ်ယာမြေဥပဒေပြောင်းလဲသည့် အချိန်တွင် လျော်ကြေးပြန်လည်ရရှိရေးအတွက် လုပ်ဆောင်ခြင်းဖြစ်သည်ဟု ကချင်ပြည်နယ် တောင်သူများဖွံ့ဖြိုးရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥက္ကဋ္ဌ ဒေါ်ဘောက်ဂျာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

" ဒီမိုကရေစီအစိုးရတွေလည်း တက်လာပြီဆိုတော့ နစ်နာတာတွေအတွက် ပြန်ပေးရမယ်လို့ ဥပဒေတွေမှာပါလာတယ်။ ပတ်ဝန်းကျင်က ထောက်ခံတယ်ဆိုရင် ပြန်ယူလို့ရတယ်။ ကျွန်မတို့က ပြည်သူတွေ နစ်နာမှုမရှိအောင် ပြုလုပ်ပေးရန်ဆိုပြီး စာပြန်တင်တယ်။ အဲဒါကြောင့် ထွေအုပ်ရုံးမှာ လာညှိနှိုင်းတာ။ ကျွန်မတို့ကို စာပြန်တင်ပါလို့ ပြောတယ်"ဟု ဒေါ်ဘောက်ဂျာက ဆက်လက်ရှင်းပြသည်။

အထက်ပါ အကြောင်းအရာနှင့် ပတ်သက်ပြီး အစိုးရအနေဖြင့် ကွင်းဆင်းလေ့လာပြီး ပြည်သူများ နစ်နာမှုရှိခဲ့ပါက ပြန်လည်ရရှိရန် လုပ်ဆောင်ပေးသင့်ကြောင်းလည်း ဦးဆောင်လှုပ်ရှားသူ ဒေါ်ဆိုင်းရွှယ်က ပြောသည်။

"မတရားဘူးလို့ပြောချင်ပါတယ်။ ကျွန်မတို့ပြည်သူတွေကို ကြည့်ပေးသင့်ပါတယ်။ အားလုံးကလည်း ကျွန်မတို့ဘက်က ပြည်သူတွေဘက်က မရပ်တည်ကြဘူး"ဟု ဒေါ်ဆိုင်းရွှယ်က ဆက်ပြောသည်။

ယင်းအရေးနှင့် ပတ်သက်ပြီး မူလပိုင်ရှင်များအား လျော်ကြေးရသည်အထိ ဆက်လက်တောင်းဆိုသွားမည် ဖြစ်ကြောင်း သိရပြီး ယင်းနေရာတွင် ဖားကန့်မြို့နယ် တည်ဆောက်ရေးအတွက် မြေနေရာများသိမ်းယူကာ အစိုးရရုံးများ တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

စည်သူ(မြစ်ကြီးနား)

---

## Editorial
## အယ်ဒီတာ့အာဘော်

### မှန်ကန်စွာရွေးချယ်ဖို့ .. မဲရုံများဆီသို့

မြစ်ကြီးနားမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်နေရာစာအတွက် ကချင်ပြည်နယ်ရဲ့ တစ်မြို့တည်းသော ကြားဖြတ်ရွေးကောက်ပွဲက နောက် သုံးလေးရက်ကြာရင် ရောက်ရှိလာပါတော့မယ်။

ကြားဖြတ်ရွေးကောက်ပွဲတွေရဲ့ ထုံးစံအတိုင်း လူစိတ်ဝင်စားမှုက အင်မတန်နည်းပါးနေတယ်။ ရွေးကောက်ပွဲကြီးတွေလို ဝန်ကြီးချုပ်နေရာတွေ၊ အစိုးရနေရာတွေခန့်ဖို့ အဆင့်ထိမဟုတ်တော့ မဲပေးမယ့်သူတွေလည်း စိတ်ဝင်စားမှု နည်းနေကြတာပါ။ ၂၀၁၂၊ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွေတုန်းကဆိုရင် မဲလာထည့်သူက မဲပေးပိုင်ခွင့်ရှိသူ အရေအတွက်ထက်ထက်ဝက်လောက်တောင် လာမထည့်ခဲ့ကြပါဘူး။

ကြားဖြတ်ရွေးကောက်ပွဲက ရွေးကောက်ပွဲကြီးတွေလောက် အခရာမကျဘူးဆိုပေမယ့် သက်ဆိုင်တဲ့ မြို့နယ်သူ မြို့နယ်သားတွေအတွက်တော့ မဖြစ်မနေ ဝင်ရောက် မဲပေးရွေးချယ်သင့်တဲ့ပွဲတစ်ခုပါ။

ဝင်ရောက် ယှဉ်ပြိုင်ကြမယ့် လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ယောက်ထဲက ရွေးချယ်တင်မြှောက်ခံရတဲ့သူက လက်ရှိအစိုးရရဲ့ လက်ကျန်သက်တမ်း နှစ်နှစ်ခွဲအတွင်းမှာ မြစ်ကြီးနားမြို့နယ်ထဲက ပြည်သူတွေကို ကိုယ်စားပြုပြီး အမျိုးသားလွှတ်တော်ကြီးထဲ သွားတက်ရဦးမှာပါ။

လွှတ်တော်ထဲမှာ နှစ်နှစ်ကျော်လောက် ဝင်ရောက်ရမယ့်သူက ကိုယ့်မြို့နယ်အတွက် အမှန်တကယ် အကျိုးပြုတဲ့သူဖြစ်ပါမှ မြို့နယ်အတွင်းမှာ အားနည်းနေတဲ့အရာတွေ၊ လိုအပ်နေတဲ့အရာတွေကို ပြည်သူတွေကိုယ်စား တင်ပြနိုင် မေးမြန်းနိုင်မှာပါ။ ကိုယ်တင်မြှောက်လိုက်တဲ့သူက လွှတ်တော်ထဲမှာ သွားထိုင်ပြီး သက်တမ်းပြည့်တာနဲ့ ပင်စင်ထိုင်စားမယ့်သူ မဖြစ်ဖို့တော့လိုမှာပါ။

ကိုယ့်မြို့နယ်အတွက် အားကိုးစရာ အမတ်ဆိုလို့ ပြည်သူ့လွှတ်တော်မှာ တစ်ယောက်၊ ပြည်နယ်လွှတ်တော်မှာ နှစ်ယောက်နဲ့ အမျိုးသားလွှတ်တော်မှာ အခုတက်မယ့်တစ်ယောက်ပေါင်း လေးယောက်သာရှိတာဆိုတော့ အခုတင်မြှောက်ခံရမယ့်သူက ပြည်သူတွေအတွက် အားကိုးအားထားပြုလို့ရတဲ့သူဖြစ်ပါမှ အပေါင်းလက္ခဏာ ဆောင်နိုင်မှာပါ။

ဒီခြောက်ယောက်ထဲမှာ ဘယ်သူက ကိုယ့်မြို့နယ်အကျိုးအတွက် အမှန်တကယ် စွမ်းဆောင်နိုင်သူဖြစ် မယ်ဆိုတာကတော့ပြည်သူတို့ရဲ့ အတွေ့အကြုံတွေက သိကြမှာပါ။ ဘယ်သူ့ကို မဲပေးတင်မြှောက်မယ်ဆိုတာ ပြည်သူတို့ စိတ်ထဲမှာ ရှိပြီးသားလည်းဖြစ်မှာပါ။

ကြားဖြတ်မှာ အနိုင်ရပြီး နောင်တစ်ချိန်တက်လာတဲ့ အမတ်က ကိုယ့်မြို့နယ်အတွက် အမှန်တကယ် အားကိုးအားထားပြုလို့မရတဲ့သူဆိုရင် သင့်ရဲ့ မဲတစ်ပြားနဲ့ တစ်မြို့တည်းသားတွေအတွက် ပျက်ကွက်သူဖြစ်နေမှာပါ။

ဒါကြောင့် ကိုယ်စိတ်တိုင်းကျ တစ်ယောက်ကို ရွေးချယ်လိုက်ခြင်းဟာ မြို့နယ်အတွက် အကျိုးမပြုမယ့် သူကို အလိုလိုဖယ်ထုတ်ပြီးသားဖြစ်စေတဲ့အတွက် မိမိတို့ သဘောကျ အနှစ်သက်ဆုံး တစ်ယောက်ကို စိတ်တိုင်းကျရွေးချယ်ခွင့်ရဖို့ မဲရုံများဆီသို့ ကိုယ်တိုင်ကိုယ်ကျ ကြွလှမ်းကြဖို့ မြစ်ကြီးနားသတင်းဂျာနယ်က ထပ်မံနှိုးဆော်လိုက်ရပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( အောက်တိုဘာ ၂၉ ၊ ၂၀၁၈ )

# ၂၀၁၈ ဖိလစ်ပိုင် မင်ဒါနာအိုကျွန်းရဲ့ နိုင်ငံရေးအလှည့်အပြောင်း (ယခင်အပတ်မှအဆက်)

M kawn La ရေးသားသည်။

Bangsa Moro တို့ဟာ မင်ဒါနာအိုကျွန်းနဲ့ နီးစပ်ထိတွေ့နေတဲ့ မလေးရှားနဲ့ အင်ဒိုနီးရှားလူမျိုးတွေ မဟုတ်ဘူး။ မူလ မင်ဒါနာအို ကျွန်းသား မိုရိုလူမျိုးတွေ ဖြစ်တယ်။ ဘရူနိုင်းစူလ်တန်တွေနဲ့ အရှေ့မလေးယားစူလ်တန်တွေလက်အောက် ကိုလိုနီလုပ်ခဲ့လို့ မွတ်ဆလင်တွေ ဖြစ်ခဲ့တယ်။ သူတို့ရဲ့ လွတ်မြောက်ရေးလှုပ်ရှားမှုနဲ့ နိုင်ငံရေးတည်ဆောက်ပုံတွေ ကျွန်တော်တို့ သင်ခန်းစာယူသင့်ပါတယ်။ ကဲ. . ကြည့်ရအောင်။



ဖိလစ်ပိုင်ရဲ့ မြေပုံ bangsamoro တွေဟာ Palawan, Sulu , Mindanao တောင်ပိုင်း တွေမှာ နေထိုင်ပုံပြမြေပုံ


အသေအပျောက်များခဲ့တဲ့ Marawi မြို့တွင်းတိုက်ပွဲ

Moro Muslim တွေရဲ့ လွတ်မြောက်ရေးလှုပ်ရှားမှုမှာ စာချုပ်သဘောတူညီချက် ၂ခု ဖြတ်သန်းခဲ့ဖူးပါတယ်။ 1976 Tripoli Agreement နဲ့ 1996 Peace Agreement ဆိုပြီး အဆင့် ၂ ဆင့် ဖြတ်သန်းခဲ့ရပါတယ်။

Tripoli Agreement ဟာ သမ္မတမားကို့စ်လက်ထက်မှာ ဆောင်ရွက်ခဲ့တာဖြစ်ပြီး MNLF ဟာ Mindanao Muslim တွေရဲ့ တရားဝင်နိုင်ငံရေးအဖွဲ့အစည်း ရပ်တည်ချက်အဖြစ် ရရှိခဲ့ပြီး ARMM(Autonomous Reagion of Mindanao Muslim) ဖြစ်မြောက်ရေး ရှေ့ဆက်ဆောင်ရွက်ရန် သဘောတူညီချက် ရရှိခဲ့ပါတယ်။ ထူးခြားချက်က ၁၉၈၃ မှာ Ministry of Musllim Affairs မွတ်ဆလင်ရေးရာဝန်ကြီးဌာန ဖြစ်ပေါ်တိုးတက်လာမှုပါပဲ။

ဒါပေမဲ့ ဒီဖြစ်စဉ်တွေ ကြိုးပမ်းနေစဉ်မှာပဲ MNLF ကနေ ငယ်ရွယ်သော မွတ်ဆလင်တိုက်ခိုက်ရေးသမားတွေနဲ့ လက်နက်ကိုင်လမ်းစဉ်ကို ဆက်လက်တည်ဆောက်ခဲ့ရာမှာ Tripoli Agreement နောက်ပိုင်း MILF (Minadanao Islamic Liberation Front) ဆိုပြီး Muslum Autonomous reagion ဖြစ်မြောက်ရေးအတွက် တိုးပြီး စီစဉ်ခဲ့ကြပါတယ်။

ဘာကြောင့် ဒီလိုဖြစ်လဲ။

သမ္မတမားကို့စ်ရဲ့ အာဏာရှင်ဆန်ဆန် ပြုမူခြင်း ဆွေးနွေးဘက်ကို အလေးမထားခြင်း၊ ယုံကြည်မှု မတည်ဆောက်နိုင်ခြင်း၊ မွတ်ဆလင်ထောက်ပံ့ရေး တဖြည်းဖြည်း ကျဆင်းသွားခြင်း ဥပဒေအရ ပြင်ဆင်ချက် နှောင့်နှေးခြင်းတို့ တွေ့ရပါတယ်။ မြန်မာပြည်ရဲ့ ငြိမ်းချမ်းရေး တည်ဆောက်ပုံတို့နဲ့ တော်တော်ဆင်တူခဲ့တာကို တွေ့နိုင်ပါတယ်။ သူတို့လည်း မွတ်ဆလင်ရေးရာဝန်ကြီး ထူထောင်ခဲ့သလို မြန်မာအစိုးရလည်း တိုင်းရင်းသားရေးရာဝန်ကြီးဌာန ထူထောင်ထားတာ တွေ့ရပါတယ်။ အလုပ်မဖြစ်တာခြင်းလည်း တူနေပါတယ်။ အလုပ်မဖြစ်တာခြင်းလည်း တူနေပါတယ်။ သမိုင်းခြေရာ တစ်ထပ်တည်းဖြစ်ပြီး ဘာလို့ သင်ခန်းစာ မယူနိုင်ပါလိမ့်။

သမ္မတ ကိုရာဇန်အကွီနိုလက်ထက်မှာပြုပြင်ပြောင်းလဲမှုအချို့ လုပ်ပါတယ်။ Phillipine Constitutional Reform ကို ၁၉၈၇ မှ ၁၉၈၉ အထိ Bangsa moro muslim တွေအတွက် ကြိုးပမ်းခဲ့တာ တွေ့ရတယ်။ အဲဒါကတော့ Mindanao ကျွန်းကြီးတစ်ခုလုံးမှာ single muslim area တစ်ခု သတ်မှတ်ဖို့ အခြေခံဥပဒေကို ပြင်ဆင်ဖို့ပဲဖြစ်တယ်။ ဒီမတိုင်မီကတော့ ခရစ်ယာန်ဖိလစ်ပီနိုတွေ မင်ဒါနာအိုကျွန်းကို အများအပြားရွှေ့ပြောင်းနေထိုင်ခွင့်ကို သမ္မတမားကို့စ်က ဆောင်ရွက်ခဲ့ရာမှာ ဒေသခံ Bangsamoro တွေနဲ့ ပဋိပက္ခဟာ မပြီးပြတ်ခဲ့တာကြောင့် သွေးစွန်းနေဆဲ ဖြစ်ပါတယ်။

ဒါဟာ ဘာနဲ့အလားအလာ သဏ္ဍာန်တူသလဲဆိုတော့ မြန်မာနိုင်ငံမှာ မူလနေထိုင်တဲ့ တိုင်းရင်းသား ၇ မျိုးနဲ့ လူဦးရေ ပိုသာနေတဲ့ ဗမာလူမျိုးစုတွေရဲ့ နိုင်ငံရေးပဋိပက္ခနဲ့ တူနေပါတယ်။ ပြည်နယ်တွေကို ဗမာမျိုးနွယ်စုတွေ ဝင်ရောက်နေထိုင်ပြီး migrant လုပ်တာချင်းလည်း တူနေတယ်။ အဲဒီလို လုပ်ခြင်းအားဖြင့် ပြည်နယ်တိုင်းမှာ မူလတိုင်းရင်းသားတွေနဲ့ လူဦးရေအင်အားထိန်းညှိခြင်းလည်း တူနေပါတယ်။ ကချင်ပြည်နယ်ရဲ့ လက်ရှိဖြစ်စဉ်နဲ့ အတော်တူပါတယ်။ Bangsamoro တွေ ဘယ်လိုလုပ်သလဲ။ ဖိလစ်ပိုင်အစိုးရအဆက်ဆက် ဘယ်လိုဆောင်ရွက်သလဲ။ မြန်မာ့ငြိမ်းချမ်းရေး အထောက်အကူပြုဖို့ ဒီစာစုတွေ ရေးပါတယ်။

အာဏာရှင်သမ္မတ မားကို့စ်အလွန် Bangsa moro အရေး ကိုရာဇန် အကွီနိုလက်ထက်မှာ အောင်မြင်ခဲ့သလား။

သမ္မတအကွီနိုလက်ထက်မှာ Phillipine Congress က နယ်ကြီး ၁၃ နေရာနဲ့ မြို့ကြီး ၉ မြို့ကို ခွဲခြားသတ်မှတ်တယ်။ အဲဒီကနေ ဥပဒေပြုရေးကနေ Majority rule နဲ့ Bangsa moro တွေအတွက် Minority rule ကို ရေးဆွဲပြဌာန်းခဲ့တယ်။ အဲဒါဟာ မူလ 1976 Tripoli Agreement နဲ့ သဘောထားကွဲလွဲလာပြီဆိုပြီး MNLF တို့ဟာ အကြီးအကျယ် ကန့်ကွက်ခဲ့ပါတယ်။ အခု ARMM နယ်မြေမှာ လူထုဆန္ဒခံယူပွဲ ဆန္ဒမပေးခဲ့ပါဘူး။ MILF နဲ့ ဖိလစ်ပိုင်အစိုးရတပ်တို့ သွေးစွန်းတဲ့ တိုက်ပွဲပေါင်းများစွာ ဆက်ဖြစ်ပါတယ်။ ဒါပေမဲ့ ဘယ်လိုပဲ လုပ်လုပ် Bangsa moro တို့အတွက် မွတ်ဆလင်ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် ဒေသသတ်မှတ်ချက် ARMM ကတော့ ၁၉၉၀ မှာ မာရဝီနဲ့ ဘာစီလန်မြို့ကြီးတွေ အပါအဝင် ပေါ်ပေါက်လာပါတော့တယ်။ ဒါတွေဟာ နိုင်ငံတစ်နိုင်ငံတည်းပေမယ့် လူမျိုး၊ ယဉ်ကျေးမှု၊ ဘာသာမတူတဲ့ လူမျိုးစုအကြား ပဋိပက္ခသမိုင်းကြောင်း ဖြစ်ပါတယ်။

ဒီလိုနဲ့ ၁၉၉၂ ဖိလစ်ပိုင်သမ္မတရွေးကောက်ပွဲမှာ အာဏာအလွှဲအပြောင်းဖြစ်တယ်။ စစ်တပ်အကြီးအကဲဟောင်း Fidel Ramos သမ္မတ ဖြစ်လာတယ်။ သူဟာ စစ်ဦးစီးချုပ်ဟောင်းမို့ MILF တွေနဲ့ တစ်သက်လုံးစစ်တိုက်လာတာမို့ Bangsa moro အရေး ဖြေရှင်းဖို့ ကြိုးစားလာရင်း ၁၉၉၃ မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲလမ်းကြောင်းကို MNLF တွေနဲ့ ပြန်ဖွင့်ပါတယ်။ သူတို့ ဘာတွေ ဆက်လုပ်ကြသလဲ။ အောင်မြင်ကြသလား။

ဒါကြောင့် မြန်မာတစ်နိုင်ငံတည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ Model အမျိုးမျိုး Pattern အမျိုးမျိုး ဖြစ်နေတာ မဟုတ်ပါ။ အရှေ့တောင်အာရှနိုင်ငံများမှာလည်း ပြဿနာဆင်တူ ဖြစ်ပွားနေဆဲဆိုတာ သိဖို့လိုအပ်နေပါတယ်။ မြန်မာပြည်သူနဲ့ ကချင်လူထု များစွာ လေ့လာသုံးသပ်နိုင်ဖို့ လိုအပ်နေပါတယ်။

ဒီဆောင်းပါးဆက်တွေရေးရတာဟာ မြန်မာနိုင်ငံရဲ့ အရှေ့တောင်အာရှအဖွဲ့ဝင် ဖိလစ်ပိုင်နိုင်ငံရဲ့ Current political issue ဖြစ်နေလို့ပါပဲ။ သူတို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို လူထုကို သိစေချင်တာ အဓိကပါ။ အားအားရှိ တပ်ကနေရာယူခဲ့တဲ့ အင်ဒိုဖြစ်စဉ်ပဲ ငြိမ်းချမ်းရေး model လုပ်နေတာကို နှိုင်းယှဉ်သိစေချင်တာ ပါပါတယ်။ မင်ဒါနာအိုကျွန်းက မိုရိုလူထုရဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်ကြိုးပမ်းခြင်း သမိုင်းဟာ ကျွန်တော်တို့ နိုင်ငံရေးပဋိပက္ခတွေနဲ့ အလွန်ပဲဆင်တူတာကို သွားတွေ့ရပါတယ်။

သမ္မတမားကို့စ်လက်ထက်က စခဲ့ပြီး အခု သမ္မတ ၇ ဆက်မြောက် ဒူတာတေးလက်ထက် နှစ်ပေါင်း ၅၀ ကျော်ရောက်မှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဖြစ်လာခဲ့တာ လေ့လာစရာတွေ များလှပါတယ်။ သူတို့ဆီမှာလည်း နိုင်ငံတကာသဘောတူညီချက် Tripoli agreement (1976) ရှိခဲ့သလို Constitutional reform (1986) ရှိခဲ့ပါတယ်။ ဒါ့အပြင် Peace agreement (1996)လည်း လုပ်ခဲ့ပါတယ်။ ဒါလောက် လုပ်ခဲ့တာ ဘာလို့ မအောင်မြင်ခဲ့သလဲ။

ဒီအပိုင်းမှာတော့ 1996 Peace Agreement ကို လေ့လာကြည့်ရအောင်လား။ သမ္မတရာမို့စ်လက်ထက်မှာ ၁၉၉၃ ကနေ ၁၉၉၆ အထိ ဆောင်ရွက်ခဲ့တယ်။ မင်ဒါနာအိုကျွန်းရဲ့ muslim ခွဲထွက်ရေးရဲ့ အင်အားအကြီးဆုံး (MNLF (Mindanao National Liberation Front)နဲ့ သမ္မတရာမို့စ်ရဲ့ ဖိလစ်ပိုင်အစိုးရတို့ ၃ နှစ်ကြာ ဆွေးနွေးကြတယ်။ MNLF ဘက်က Nur Misuari က ခေါင်းဆောင်ပြီး အဓိကအချက် ၂ချက် သဘောတူညီချက် ရခဲ့တယ်။ 1976 Tripoli agreement ကို ဆက်လက် အကောင်အထည်ဖော်တာ ဖြစ်တယ်။

ပထမအချက်က ကြားကာလအုပ်ချုပ်ရေး အကြံပေးအဖွဲ့ကို ထူထောင်ဖို့ သဘောတူတယ်။ ဘယ်လိုခေါ်လဲဆိုတော့ Southern Phillippine Council for Peace and Development (SPCPD) ဖြစ်တယ်။ အဲဒီအဖွဲ့ဟာ ဒေသခံအစိုးရဖြစ်လာပြီး ၁၉၈၇ အခြေခံဥပဒေနဲ့ တောင်အတွင်းကနေ Tripoli agreement ကို အကောင်အထည်ဖော်တာ ဖြစ်တယ်။ သူရဲ့အာဏာကဖိလစ်ပိုင်အစိုးရကို အကြံပေးဖို့ ဖြစ်ပြီး ARMM ကို ဒေသကြီး ၁၄ ခုနဲ့ မြို့ကြီး ၉ မြို့ခွဲပြီး အုပ်ချုပ်ဖို့ သဘောတူတယ်။ MNLF ဦးဆောင်သူ Nur Misuari က SPCDP ရဲ့ ဥက္ကဌအဖြစ် ဆက်လုပ်တယ်။

ဒုတိယအချက်က အဲဒီ ပထမအချက် ပြေလည်ရင် ၁၉၉၇ မှာ နောက်ဆုံးထားပြီး ဖိလစ်ပိုင်အစိုးရကို တာဝန်ခံတဲ့ ဒေသခံကိုယ်ပိုင်အုပ်ချုပ်ရေး ဥပဒေပြုရေးနဲ့ တရားစီရင်ရေးလုပ်ခွင့်ရှိတဲ့ Regional Government တစ်ခု ဖြစ်လာရေးပါ။ သူတို့ဟာ အခွန်ကောက်ခံခွင့်၊ ဒေသခံရဲတပ်ဖွဲ့ဖွဲ့ခွင့်၊ ပညာရေးပြဌာန်းခွင့်၊ မွတ်ဆလင်ရှာရီရာ ဥပဒေကျင့်သုံးခွင့်တွေနဲ့ ရှိလာမှာဖြစ်တယ်။ ဒီအချက်ကြောင့်ပဲ Moro Muslim တွေရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟာ လက်ရှိ ARMM ထက် ပိုကျယ်ပြန့်တာ တွေ့ရပါတယ်။

ဒီသဘောတူညီချက် ၂ ရပ်ကိုကြည့်ရင် Bangsa moro တွေဘက်ကကြည့်ရင် အလွန်ပဲ ကောင်းမွန်သင့်မြတ်လှတာကို တွေ့ရတယ်။ Transitional period ထားပုံခြင်း တူတယ်။ အာဏာ ၃ ရပ် တောင်းဆိုမှုတူတယ်။ ဒါဆို ဘာလို့ မအောင်မြင်ရသလဲ။ ၁၉၉၆ ကနေ ၂၀၁၈ အထိ နှစ်ပေါင်း ၂၂ နှစ်အထိ ဘာလို့ထပ်ပြီး ကြာညောင်းခဲ့သလဲ။

အချက် ၃ ချက် တွေ့ရတယ်။

၁။ Peace Agreement မှာ All Inclusive မဖြစ်ခဲ့ဘူး။ Abusayyaf အဖွဲ့နဲ့ BIFF အဖွဲ့တွေနဲ့ မဆွေးနွေးဘူး။

၂။ ဖိလစ်ပိုင်အစိုးရနဲ့ SPCDP တို့ အာဏာခွဲဝေလုပ်ဆောင်မှု မပြတ်သားဘဲ ရှုပ်ထွေးခဲ့တယ်။

၃။ ယုံကြည်မှု ၂ ဘက်စလုံးမှာ မရခဲ့ပါဘူး။

မြန်မာ့ငြိမ်းချမ်းရေး ခရီးမှာလည်း ပြည်မအစိုးရရော၊ တိုင်းရင်းသားအဖွဲ့တွေမှာပါ သင်ခန်းစာယူစရာ အများအပြားပါ။ နိုင်ငံရေးအရ လေ့လာသင့်လှပါတယ်။

ဒူတာတေးလက်ထက်မှာ ဘယ်လိုဆွေးနွေးညှိနှိုင်းမှုတွေ ဆက်လုပ်ခဲ့သလဲ။ စိတ်ဝင်စားစရာ ကောင်းလှပါတယ်။

**ဆက်ပါဦးမယ်**




**တုတ်ထိုး** - မျှော်နိုင်သမျှတော့. . . . မျှော်ဦးနော်. . ။
**အိုးပေါက်** - အောင်မယ်၊ သီချင်းတွေ ဘာတွေဆိုလို့ပါလား။ ဘယ်သူ့မျှော်နေတာတုန်း။

**တုတ်ထိုး** - တရားဥပဒေစိုးမိုးရေးကို မျှော်နေတာပါဗျာ။
**အိုးပေါက်** - ကျုပ်မိဆွေတစ်ယောက်လေ။ ၂၀. ၁၀. ၂၀၁၈ ရက်ညက အရေးပေါ်ကိစ္စတစ်ခုရှိလို့ အပြင်ထွက်လာတာ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးအကွေ့နားမှာ လူဆယ်ယောက်လောက်ရှိတဲ့ လူအုပ်ကြီးက သူတို့ဆိုင်ကယ်တွေနဲ့ လမ်းကို ပိတ်ရပ်၊ ပြီးတော့ တုတ်တွေ ဓားတွေနဲ့ လာသမျှဆိုင်ကယ်တွေ ကားတွေကို တားပြီးရိုက်လုနေကြတာတွေ့ခဲ့ရသတဲ့ဗျ။ လမ်းအကွေ့ထောင့်မှာ ကွေ့ကွေ့ချင်း ဘွားခနဲမြင်လိုက်ရတာတဲ့။ သူ့ရှေ့ကမောင်းသွားတဲ့ ဆိုင်ကယ်နှစ်စီးကို ပြေးပြီးတားတယ်။ တုတ်တွေဓားတွေနဲ့ မြှောက်ပြီးတားတယ်။ သူလည်း ဘွားခနဲတွေ့လိုက်မိတာနဲ့ ကားကို ရပ်မပေးဘဲ လမ်းရဲ့ညာဘက်ကျောက်ခင်းလမ်းဘက်ကို ဖွဲ့ခင်းလိုက်သတဲ့။ ပြီးတာနဲ့ လီဗာကို ဆောင့်နင်းပြီး ညာဘက်ကိုထပ်ပြီး ဖြတ်ကွေ့ပစ်လိုက်တယ်တဲ့။ ရှေ့က လာတားလည်း ဖြတ်တိုက်လိုက်ရုံပဲ ရှိတော့တာတဲ့။

**တုတ်ထိုး** - ထရန်စပိုတာဇာတ်ကားထဲက မင်းသားကတောင် အဘခေါ်ရလောက်တယ်နော်။
**အိုးပေါက်** - အင်း၊ ခေါ်ထိုက်တယ်ဗျ။ အဲဒါနဲ့ သူလည်း မောင်းပြီးပြေးလိုက်တာ အရင်တစ်ခါ အင်ဂျလီနာဂျိုလီလာတဲ့ ဂျန်မိုင်ကောင်းက စစ်ရှောင်စခန်းနား ရောက်မှပဲ ကားကိုရပ်လိုက်ရတယ်တဲ့ဗျ။ အဲ့ဒါကြောင့် ဒီလို နေ့မအေးချမ်း၊ ညမအေးချမ်းဖြစ်နေလို့ မျှော်နိုင်သမျှတော့ မျှော်ဦးနော် ဆိုနေတာပဲဗျို့။

**တုတ်ထိုး** - ဒါဆို ဆက်ဆို။
**အိုးပေါက်** - ဘာလို့။

**တုတ်ထိုး** - တရားဥပဒေစိုးမိုးမှု မရှိသေးလို့။
**အိုးပေါက်** - ဟွန်း၊ ပြောကို မပြောချင်တော့ဘူး။

**တုတ်ထိုး** - ကျုပ်တို့တိုင်းပြည်ကြီးမှာမြို့အနှံ့နယ်အနှံ့အခုလိုမျိုး မင်းမဲ့စရိုက်ဆန်တဲ့ အပြုအမူမျိုးတွေ ရှိနေတယ်။ လုယက်မှုတွေ၊ ဓားခုတ်မှုတွေ၊ သေနတ်မှုတွေ အကြောင်း နေ့စဉ်နဲ့အမျှ ကြားနေရတယ်။
အိုးပေါက် - တရားဥပဒေစိုးမိုးမှု မရှိသရွေ့တော့ ငြိမ်းချမ်းရေးဆိုတာလည်း အလှမ်းဝေးနေဦးမှာပါပဲ။

**တုတ်ထိုး** - ၂၀၂၀ ရွေးကောက်ပွဲ မတိုင်မီတောင်မှ တရားဥပဒေစိုးမိုးရေးဟာ အသက်ဝင်ပါ့မလား။
**အိုးပေါက်** - ကိုယ်ဖြစ်ကိုယ်ခံပေါ့ဗျာ။ ဘာမှမဖြစ်ရင် ဘာမှမဖြစ်ပါဘူး။ ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - ဒါနဲ့ စကားမစပ်ဗျာ။ တိုင်းစီမံကိန်းတွေမှာ ငွေကျပ် ဘီလီယံ ၆၀ ဆုံးရှုံးနေတဲ့ကိစ္စ ကျော်ဇောသတင်းအဖြစ် သတ်မှတ်အနိုင်ယူရေး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကိုဒေါက်တာညီညီသင်းက တိုင်ကြားသတဲ့ဆို။
**အိုးပေါက်** - ဟုတ်တယ်။ အဲ့ဒီတိုင်ကြားချက်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း လူပုဂ္ဂိုလ်တစ်ဦးတည်းကို ပေ ၄၀၊ ပေ၆၀ ရှိတဲ့ မြေကွက် ၂၁ ကွက်စာ အကျယ်အဝန်းကို သက်သာတဲ့နှုန်းထားဖြစ်တဲ့ ဈေးနှုန်းတွေနဲ့ ရောင်းချထားတဲ့ကိစ္စတွေ ပါသတဲ့။ ပြီးတော့ နာမည်ကျော် ပုဂ္ဂလိကလုပ်ငန်းရှင်အချို့ကို စီမံကိန်းအကြောင်းပြပြီး မြေဧက ထောင်ချီပေးအပ်တဲ့ကိစ္စ၊ ပြီးတော့ ပြည်သူ့ဥယျာဉ်အတွင်းရှိတဲ့ မြေနေရာတစ်ခုကို ပုဂ္ဂလိကကုမ္ပဏီတစ်ခုကို ကာလပေါက်ဈေးထက်ဈေးလျှော့ပြီး ငှားရမ်းထားတဲ့ကိစ္စ စတဲ့အချက်အလက်တွေ ပါဝင်သတဲ့ဗျ။

**တုတ်ထိုး** - အဂတိလိုက်စားမှုဆိုလို့ ပြောရဦးမယ်။ ကချင်ပြည်နယ်အစိုးရရဲ့ ဘဏ္ဍာငွေ ၁၁ ဘီလျံကို လွှတ်တော်အတည်ပြုချက် ရရှိခြင်းမရှိဘဲ သုံးစွဲမှုနဲ့ အစိုးရအဖွဲ့က တင်ဒါခေါ်ယူခြင်းမရှိဘဲ ကုမ္ပဏီတစ်ခုကိုလုပ်ငန်းချပေးခဲ့တဲ့အပေါ် တရားလွှတ်တော်ရှေ့နေတစ်ဦးက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဆီ တိုင်ကြားသွားမယ် ဆိုတဲ့သတင်းကြားပြီးပြီလား။
**အိုးပေါက်** - ကြားလိုက်ရပ့ါ၊ ဖတ်လိုက်ရပ့ါဗျာ။ တူမောရိုး (Tomorrow) သတင်းဂျာနယ်မှာလည်း အရင်တစ်ပတ်က ဖတ်လိုက်ရတယ်။ ကချင်ပြည်နယ်အစိုးရကနေပြီး ဘတ်ဂျက်ငွေ ၁၁ ဘီလျံ သုံးစွဲပြီး AC ၂၃ မိုင်၊ လမ်းခင်းတဲ့ကိစ္စကို လွှတ်တော်မှာ အတည်ပြုဆွေးနွေးခြင်းမရှိခြင်း၊ ပြည်နယ်အစိုးရရဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရလို့ဆိုပြီး ဘဏ္ဍာငွေကို သုံးစွဲခဲ့တာကြောင့် အဲဒီလို တိုင်ကြားရခြင်းဖြစ်သတဲ့ဗျ။

**တုတ်ထိုး** - ဟုတ်တယ်။ ဒီသတင်းကို ပြည်သူတွေအားလုံးကလည်း စိတ်ဝင်တစားနဲ့ နားစွင့်နေကြပါတယ်။ အမှန်တရားအမြန် ပေါ်ပေါက်ပါစေကြောင်း၊ တရားမှု မျှတမှုတို့ ထွန်းကားပါစေကြောင်း ဆုတောင်းပါတယ်။
**အိုးပေါက်** - တရားဥပဒေစိုးမိုးဖို့မှားတာကို အမှန်မလုပ်ကြပါနဲ့၊ အမှန်ကို အမှားမလုပ်ကြပါနဲ့။

**တုတ်ထိုး** - ဒါနဲ့ သတင်းတစ်ခု ထူးခြားတာ ရှိသေးတယ်။
**အိုးပေါက်** - ဘာတဲ့တုန်း။

**တုတ်ထိုး** - အောက်တိုဘာလ ၄ ရက်နေ့တုန်း နေပြည်တော် မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားမှာ လွှင့်သွားတယ်။ ပြည်သူများအတွက် တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေး စကားဝိုင်းမှာ မြန်မာနိုင်ငံရဲ တပ်ဖွဲ့ ဒုတိယရဲချုပ် ဗိုလ်ချုပ်အောင်နိုင်သူက ပြောသွားတယ်။
**အိုးပေါက်** - ဘာတဲ့။ မျှော်နိုင်သမျှတော့. . မျှော်ဦးနော်. . တဲ့လား။ ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - "ပြည်သူများအနေနဲ့ မိမိတို့ရဲ့ နစ်နာမှုတွေ ရှိလာလို့ရှိရင် ရဲစခန်းကို လာရောက်တိုင်ကြားနိုင်ပါတယ်။
**အိုးပေါက်** - ဩော်. . . ဟုတ်လား။

**တုတ်ထိုး** - တိုင်ကြားတဲ့အခါမှာ ရဲစခန်းတွေအနေနဲ့ ချက်ချင်း အရေးယူဆောင်ရွက်ပေးရမှာပဲဖြစ်တယ်။
**အိုးပေါက်** - ဒါပေ့ါ ဝေ့လည်ကြောင်ပတ်လုပ်နေရင် ဖိုးထောင်လိုအမှုတွေ ပေါ်နိုင်တာပဲလေ။

**တုတ်ထိုး** - တကယ်လို့များ ပြည်သူတွေ လာရောက်တိုင်ကြားတဲ့အမှုတွေကို ရဲစခန်းတွေက ချက်ချင်းအမှုဖွင့်ပေးမှုမရှိဘူး၊ အကြောင်းမဲ့ နှောင့်နှေးကြန့်ကြာနေမယ်ဆိုတာတွေကို စိစစ်တွေ့ရှိခဲ့မယ်ဆိုရင် တာဝန်ရှိတဲ့ ရဲတပ်ဖွဲ့ဝင်တွေကို ထောင်ဒဏ်တစ်နှစ်အထိ ချမှတ်နိုင်တဲ့ ဥပဒေတွေကိုလည်း ချမှတ်ဆောင်ရွက်နေပြီဖြစ်ပါတယ်" တဲ့။
**အိုးပေါက်** - ရဲတွေကို သနားလိုက်တာ။ ထောင်တွေ ကျကုန်တော့မှာပဲ။

**တုတ်ထိုး** - ဗျာ၊ ဘာဖြစ်လို့။
**အိုးပေါက်** - မြစ်ကြီးနားမှာ ဖြစ်ပွားခဲ့တဲ့ ၂ လောင်းပြိုင်အမှုတို့၊ တခြား ဘယ်နှလောင်းပြိုင် လူသတ်မှုတို့၊ ပိုင်ရှင်မဲ့အလောင်းဆိုတာတို့တွေမှာ တရားခံမမိသေးလို့လေ။

**တုတ်ထိုး** - ခင်ဗျားအိုးကပေါက်သွားပြန်ပြီ။ အခုဟာက တရားခံမိမယ်။ အမှုမှန်ပေါ်မယ် မပြောဘူးလေ။ ချက်ချင်း အမှုဖွင့်ပေးမှုမရှိရင်လို့ ပြောတာလေ။အမှုမှန်ပေါ်ဖို့တရားခံမိရမယ်တို့ ပြောတာ မဟုတ်ဘူးလေ။
**အိုးပေါက်** - ဟဲ ဟဲ ဟဲ။ လွဲတဲ့အခါလည်း လွဲပေမပေ့ါ။ လွန်တာရှိ ဝန္ဒာမိပါခင်ဗျာ။

**တုတ်ထိုး** - မြန်မြန် ကြည်ညှိုလိုက်စမ်း။ မြန်မြန် ကြည်ညှိုလိုက်စမ်း။
**အိုးပေါက်** - ဘယ်လို ကြည်ညှိုရမယ်မသိဘူးဗျ။

**တုတ်ထိုး** - ကောင်းကွက်လေးတွေရှာပြီး ကြည်ညှိုပေ့ါ။ အန္တရာယ်ကင်းကင်းနဲ့ နေချင်ရင်တော့ အရင်အစိုးရအဆက်ဆက်မကောင်းကြောင်းပဲပြောပေ့ါ။

**တုတ်ထိုး** - ဟုတ်တယ်။ ဟုတ်ယ်။ အရင်အစိုးရ မကောင်းဘူး။ အဲဒီတုန်းက ဟိုလူတွေ မကောင်းဘူး။ ဟိုအစိုးရလက်ထက်မှာ ငြိမ်းချမ်းရေးမရဘူး။ ဟိုအစိုးရလက်ထက်မှာ ကုန်ဈေးနှုန်းတက်တယ်။ ကန်စွန်းရွက် ဈေးတက်တယ်။ ဟိုးအစိုးရလက်ထက်မှာလာဘ်စားတာတွေ ရှိတယ်။ ဟိုအစိုးရလက်ထက်မှာ မူးယစ်ဆေးဝါးအမှုတွေ ရှိတယ်။ ပိုင်ရှင်မဲ့ မူးယစ်ဆေးဝါးတွေ ရှိတယ်။ ဟိုအစိုးရလက်ထက်မှာ . . . . ။ ဟို အစိုးရအဆက်ဆက် လက်ထက်မှာ . . . . . ။

**တုတ်ထိုး** - ခင်ဗျားပြောတာရွှဲ့နေသလိုပဲနော်။
**အိုးပေါက်** - မဟုတ်ရကြောင်းပါခင်ဗျား။

**တုတ်ထိုး** - မှတ်တောင်ထားရဦးမယ်။



# ကချင်အမျိုးသမီး မျက်နှာဖုံးပန်းချီများ၏ဖန်တီးရှင်

အင်ခိုင်ဘွမ်








ဆရာကြီးဦးရွှေအောင်၏ အတ္တဝါဒမှ အနတ္တဝါဒသို့ခရီး စဉ်စာအုပ်ဆိုလျှင်ပန်းချီဝသုန်၏မျက်နှာဖုံးကိုပင် ပြေးမြင်မိသည်။ စိမ်းဝါနီအိန္ဒိယဟန်များကို နှစ်သက်လှသည်။ ပါတိတ်ပန်းချီလက်ရာဟု ထင်မိသည်။ လွန်ခဲ့သည့် အောက်တိုဘာ ၂၁ ရက်နေ့သည်ပန်းချီဝသုန်ကွယ်လွန်ခြင်း ၁၀ နှစ်ပြည့်ဖြစ်သည်။ ပန်းချီဝသုန်၏ မျက်နှာဖုံးပန်းချီ၊ သရုပ်ဖော်ပန်းချီလက်ရာများ၊ ပန်းချီဝသုန်၏စာပေလက်ရာတချို့နှင့် ကွယ်လွန်သူ ပန်းချီဝသုန်အတွက် အမှတ်တရစာစုများကိုလည်း ပြန်လည်ဖတ်ရှုမိသည်။

ဆရာပန်းချီဝသုန်သည် ၁၉၆၀ကျော်မှစ၍ ဆီဆေး၊ရေဆေးပန်းချီကားများ၊ ပါတိတ်ပန်းချီကားများ၊ ကာတွန်းစာအုပ်များ၊ ဝတ္ထုတိုများ၊ စာနယ်ဇင်းသရုပ်ဖော် ပန်းချီပုံများ၊ မြန်မာ့ရုပ်ပြသမိုင်းတွင် စံချိန်တင်ကျန်ရစ်သည့် လက်ာဒီပချစ်သူရုပ်ပြစာအုပ်များကို ရေးဆွဲဖန်တီးခဲ့သူ ဖြစ်သည်။ ကာတွန်းဆရာကြီးများ ကန်တော့ပွဲ၊ စာနယ်ဇင်းသရုပ်ဖော်ပန်းချီဆရာကြီး များကန်တော့ပွဲများတွင် ဦးဆောင်လှုပ်ရှားခဲ့ပြီး စာနယ်ဇင်းသရုပ်ဖော် ပန်းချီကို စွဲစွဲမြဲမြဲကွယ်လွန်သည့်အချိန်ထိရေးသွားခဲ့သည်။ပန်းချီအနုပညာနှင့် ပတ်သက်၍ ဆရာ့၏မာနကပန်းချီလောကတွင် ပြောစမှတ်ဖြစ်ခဲ့သည်။ ဆရာသည် သူ့စိတ်ထဲဘဝင်မကျလျှင် ပိုက်ဆံဘယ်လောက်ပေးပေးမရေးသူ ဖြစ်သည်။ သဘောတွေ့လျှင်လည်း အခမဲ့ရေးပေးရန် ဝန်မလေးသူဖြစ်သည်။

တစ်ကြိမ်က နိုင်ငံခြားသားတစ်ဦးက ဓမ္မရုံကြီးဘုရားကို ပန်းချီကားကို "ဘာအဆောက်အအုံလဲ"ဟု ခြေထောက်ဖြင့်တို့၍ မေးသဖြင့် ထိုပန်းချီကားကို လုံးဝမရောင်းခဲ့ပေ။ ရုပ်ရှင်မင်းသား၊ အဆိုတော် သုမောင်နှင့်ပန်းချီဝသုန်တို့ ချစ်ခင်ရင်းနှီးကြသည်။ သုမောင်က သူ၏ကွမ်းစကား ၂ စာအုပ်မျက်နှာဖုံးကို ပန်းချီဝသုန်ထံအပ်သည်။ ချိန်းသည့်နေ့တွင်ပန်းချီဝသုန်အိမ်သို့ ထုတ်ဝေသူနှင့် အတူသွားသည်။ မျက်နှာဖုံးပန်းချီက ပြီးပြီ။ ၂ ဂဏန်းသာ ရေးရန်ကျန်နေသည်။ ထို့ကြောင့်ပန်းချီဝသုန်ကနောက်နေ့မှလာယူရန် ပြောသည်။ သုမောင်က "ဒါလေးများဗျာ ဆိုပြီး မပြောရဲဘူး။ သူ့အထာကိုသိသည်။ ခင်ဗျားတို့ ပန်းချီသဘော ဘယ်လောက်နားလည်သလဲထလုပ်ရင် ဒုက္ခရောက်မှာကိုး။ ဒါကြောင့် အသာလေးထပြန်ခဲ့ရတယ်" ဟု အမှတ်ရခဲ့သည်။

တစ်ကြိမ်ကလည်း မိတ်ဆွေဖြစ်သူ ကဗျာဆရာအောင်ဇင်မင်း ထုတ်ဝေမည့် ဆရာမကြီးနုယဉ်၏ စန္ဒကိန္နရီနှင့်နိပါတ်တော်လာထင်ရှားသော ဇာတ်ဝတ္ထုများ စာအုပ်မျက်နှာဖုံးကိုရေးရန် တာဝန်ယူခဲ့သည်။ တစ်လအကြာတွင် ရေးသူနှင့်စာအုပ်အမည်ကို ခဲကောက်ထားသည်။ နောက်တစ်လတွင် သရုပ်ဖော်ပုံကို ခဲကောက်ထားသည်။ နောက်တစ်လတွင် ဆေးဖြည့်ထားပြီ။ နောက်တစ်လ အကြာတွင် ဝသုန်ဟူ၍ ဆိုင်းထိုးထားသည်။ ကဗျာဆရာအောင်ဇင်မင်းက ယူသွားတော့မည်ဟုဆိုချိန်တွင်ပန်းချီဝသုန်ကပန်းချီကားကို ပြန်ကြည့်သည်။ ထို့နောက်"နေဦးဗျာ။စန္ဒကိန္နရီရဲ့ အတွင်းစိတ်နဲ့ ပန်းချီဆရာဝသုန်ရဲ့အတွင်းစိတ်မပေါင်းမိသေးဘူးဗျာ။ ယူမသွားပါနဲ့"ဟု ဆို၍ ပန်းချီကားကို ထားခဲ့ရလေသည်။ ထို့ကြောင့် တချို့ပန်းချီအပ်ရသည်မှာ ကြာ၍ ကြာဝသုန်ဟုလည်း ခေါ်ကြသည်။ စာနယ်ဇင်းသရုပ်ဖော်ပန်းချီဆရာသည် များများမြန်မြန်ဆွဲနိုင်လေ ငွေရလေဖြစ်မည်။ သို့သော် ပန်းချီဝသုန်အတွက် ငွေကအဓိကမဟုတ်။ "ကျွန်တော်တို့ မောင်မောင်သိုက်တို့ကိုတော့ တချို့စာရေးဆရာတွေ၊ ထုတ်ဝေသူတွေက လောလော ဆွဲခိုင်းကြတယ်။ ဝသုန်ကိုတော့ အဲဒီလိုသွားလုပ်လို့မရဘူး"ဟု ပန်းချီကျော်သောင်းက ပန်းချီဝသုန်ကွယ်လွန်ခြင်း ၁၀ နှစ်ပြည့်အခမ်းအနားတွင် အမှတ်တရစကား ဆိုခဲ့လေသည်။

ဆရာပန်းချီဝသုန်၏ အနုပညာစိတ်ဓာတ်၊ ယုံကြည်ချက်များအကြောင်းကို ဖတ်ရှုနားထောင်ပြီးချိန်တွင် ရှုမဝမဂ္ဂဇင်းနှင့် မိုးဝေမဂ္ဂဇင်းတို့မှ ဆရာဝသုန်၏လက်ရာ ကချင်အမျိုးသမီး မျက်နှာဖုံးပန်းချီများကို ပြန်ကြည့်မိသည်။ ယခင်က နှစ်သက်မြတ်နိုးဖွယ်တိုင်းရင်းသူပန်းချီပုံများထက် ပို၍ အရသာရှိသွားခဲ့သည်။ ပို၍ လေးနက်သွားခဲ့သည်။ ဆရာပန်းချီဝသုန် မည်ကဲ့သို့အနုပညာစိတ်၊ သက်ဝင်ခံစားမှုများဖြင့် ဤပုံများကို ရေးဆွဲသွားခဲ့သနည်း။ ကချင်အမျိုးသမီးများ၏ အတွင်းစိတ်နှင့် ပန်းချီဆရာဝသုန်၏ အတွင်းစိတ်ပေါင်းစည်းသွားခဲ့သည်ဟုသာ ယုံကြည်မိလိုက်ပေသည်။




မြစ်ကြီးနားသတင်းဂျာနယ် လက်မှေ့
ရောင်းချလိုသူများအနေဖြင့် အပတ်စဉ်
တနင်္လာနေ့တိုင်း မြစ်ကြီးနားသတင်း
ဂျာနယ်တိုက်တွင် လာရောက်ဆက်သွယ်မှာယူနိုင်ပါသည်။

# အန္တရာယ်ရှိ မူလတန်းကျောင်းဆောင် အသစ်ပြုပြင်တည်ဆောက်ရန်လိုအပ်နေ



အောက်တိုဘာ ၂၅

မြစ်ကြီးနားမြို့နယ် အကျဲကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ မူလတန်းကျောင်းဆောင်သည် လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ခန့်ကတည်းက ဆောက်လုပ်ထားသည့်အဆောင် ဖြစ်သဖြင့် အသစ်ပြန်လည်ပြုပြင်တည်ဆောက်ရန် လိုအပ်နေပြီဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝတ်ရည်လှိုင်က ပြောသည်။

အမြင့် သုံးပေခန့်ရှိ ထိုတစ်ထပ်ကျောင်းဆောင်တွင် ကြမ်းခင်းများကျိုးပဲ့ခြင်း၊ ကျောင်းတိုင်ခြေမှ အုတ်ဖိနပ်များ ကျိုးပဲ့ခြင်းနှင့် ဝရန်တာအကာတချို့မှာလည်း မရှိတော့ခြင်းကြောင့် ကျောင်းသားများအတွက် အန္တရာယ်ဖြစ်စေနိုင်သဖြင့် အသစ်ပြန်လည်တည်ဆောက်ရန်လိုအပ်နေခြင်းဖြစ်သည်။

၎င်း မူလတန်းကျောင်းဆောင်တွင် တက်ရောက်သင်ယူနေသည့် KG တန်း၊ ဒုတိယတန်းနှင့် တတိယတန်းတို့မှ ကျောင်းသား/သူ စုစုပေါင်း အယောက် ၁၀၀ ကျော်ရှိကြောင်း သိရသည်။

ယင်းကျောင်းဆောင်သည် ယခုချိန်တွင် အန္တရာယ်ဆောင်ဟု သတ်မှတ်ထားရပြီး ကလေးများအတွက် စိုးရိမ်ရကြောင်း ဆရာမကြီး ဒေါ်ဝတ်ရည်လှိုင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ပြောမယ်ဆိုရင် ကြမ်းခင်းကတော့ တော်တော်လေး မကောင်းတော့ဘူး။ ကျွံမကျအောင် အပေါက်တွေ လိုက်လိုက် ဖာနေရတယ်၊ အခြားနေရာမှာဆိုရင် အဲ့လိုမျိုး အဆောင်မရှိတော့ဘူး"ဟု ၎င်းက ပြောသည်။

ကျောင်းအုပ်ဆရာမကြီး အနေဖြင့် စစ်ဆေးရေးအဖွဲ့များ လာရောက်သည့်အချိန်တွင် တင်ပြဖြစ်ခဲ့ပြီး ကျောင်းဆောင်သစ်ဆောက်ရန် လာမည့်နှစ်တွင်မှ စာတင်သွားမည်ဟု ဆရာမကြီးက ဆက်ပြောသည်။

အဆိုပါ ကျောင်းဆောင်သည် ကလေးများအတွက် အန္တရာယ်မကင်းကြောင်း၊ အဆော့သန်သည့် မူလတန်းအရွယ်ကလေးများ ဖြစ်သည့်အတွက် စိုးရိမ်ကြောင်း ကျောင်းကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်သည့် နှစ်ခြင်းခရစ်ယာန်အမှုတော်ဆောင် ဆရာနော်ဆန့်က ပြောသည်။

အကျဲအုပ်ချုပ်ရေးမှူး ဦးဘောက်နော်ကလည်း ထိုကျောင်းမှာ ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ဖြစ်ခဲ့ရာ နှစ်ပေါင်း ၅၀ ခန့်ကြာပြီဖြစ်သောကြောင့် ယခုချိန်တွင် သက်တမ်းလွန်လာပြီ ဖြစ်ကာ ၂ နှစ် ၃ နှစ်လောက်သာ ခံနိုင်တော့မည်ဖြစ်သည့်အတွက် အသစ်ပြန်လည် တည်ဆောက်ရန်လိုအပ်နေကြောင်း မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ပါတီကောင်စီမှ ဦးဆောင်ပြီး တည်ဆောက်ထားသော အဆိုပါကျောင်းဆောင်သည် ၁၉၆၄ ခုနှစ်ခန့်က တည်ဆောက်ခဲ့ကာ ၁၉၇၂ တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယခုလက်ရှိ အကျဲအခြေခံပညာအလယ်တန်းကျောင်း (ခွဲ)၌ ဆရာ/မပေါင်း ၁၅ ယောက်နှင့် ကျောင်းသား/သူပေါင်း ၃၁၃ ယောက်ပညာသင်ယူနေကြောင်း သိရသည်။

မျိုးမြတ်မြတ်ပန်
ဘရန်ဂျာ PH

# ကျောင်းသွား/ပြန် ခရီးဝေး၍စစ်ရှောင် ကျောင်းသားလေးများအတွက် အဆင်မပြေမှုများရှိနေဟုဆို




အောက်တိုဘာ ၂၄

မြစ်ကြီးနားမြို့နယ် ပလန (၁)၊စိန့်ဂျိုးဇက်စစ်ရှောင်စခန်းတွင် ကျောင်းသူ/သားများ ကျောင်းသွား/ပြန် ခရီးကွာဝေး၍ အခက်အခဲဖြစ်နေကြောင်း သိရသည်။

စာရင်းရှိ ကျောင်းသူ/သားပေါင်း ၄၁၃ ယောက်နှင့် လက်ရှိ ၃၇၉ ယောက်ရှိပြီး ၎င်းတို့သည် နီးစပ်ရာ ကျောင်းများသို့ မိမိတို့အစီအစဉ်ဖြင့် သွားနေကြပြီး ကျောင်းသို့ မိနစ် ၃၀ ခန့်လမ်းလျှောက်ကြရကြောင်း သိရသည်။

ထို့အပြင် မြစ်ဆုံတန်ဖရဲရှိ မန်ကက်သလစ် ဘုရားကျောင်းဝင်းတွင် ခိုလှုံနေသည့် အင်ဂျန်းယန်မြို့နယ်မှ စစ်ရှောင်များသည်လည်း ပလန(၁) စိန့်ဂျိုးဇက်စစ်ရှောင်စခန်းသို့ ပြောင်းရွှေ့လာမည် ဖြစ်သောကြောင့်ကျောင်းသားဦးရေမှာ ပိုမိုများပြားလာမည်ဖြစ်၍ အရွယ်ပေါင်းစုံကျောင်းသားလေးများ သွားလာရေးအတွက် ပိုမိုခက်ခဲလာနိုင်သဖြင့် ကျောင်းကားစီစဉ်ပေးနိုင်ပါက ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း စိန့်ဂျိုးဇက် စစ်ရှောင်စခန်း ဒုတာဝန်ခံ ဦးဂွမ်ရိုင်က ပြောသည်။

"မြစ်ဆုံ-တန်ဖရဲက စစ်ရှောင်ကလေးတွေကလည်းအရမ်းများတယ်။ အားလုံးတော့ ကျွန်တော်တို့ စခန်းအနားတွေမှာရှိတဲ့ ကျောင်းတွေမှာလည်း ကျောင်းသားတွေကဆံ့တော့မှာ မဟုတ်ဘူး။ ဒါကြောင့် ၈ မိုင် မူလွန်ကျောင်းတွေ၊ ဆယ်မိုင်အထက်တန်းကျောင်း၊ ရွှေစက်ကျောင်းတွေမှာ ကလေးတွေကိုခွဲပြီးပို့ရမှာ ကလေးတွေက များမယ်ဆိုတော့ ကားအကြီးမျိုးကိုတော့ လိုချင်တယ်။"ဟု ဒုတာဝန်ခံ ဦးဂွမ်ရိုင်က ပြောသည်။

ကျောင်းသူ/သား များပြားလာမည် ဖြစ်သောကြောင့် အကြီးအကဲများ လာရောက်ချိန် တင်ပြခဲ့သော်လည်း ကျောင်းကားရရှိရေးမှာ မလွယ်သေးကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်လာရောက်စဉ်ကလည်း တင်ပြခွင့်မရလိုက်ကြောင်း ၎င်းကပြောသည်။

"ဒေါ်အောင်ဆန်းစုကြည်လာတုန်းက ကျောင်းသူကျောင်းသားတွေ အတွက်ကားလိုတဲ့အကြောင်းကို ပြောဖို့စီစဉ် ထားတာ . . ဒါပေမဲ့ ကျွန်တော်တို့ကို တင်ပြခွင့် မပေးဘူး။ သူ့ဟာနဲ့ သူပြောပြီးမှ ထွက်သွားတာ ဒါကြောင့် ကျွန်တော်တို့က မတင်ပြလိုက်ရဘူး။" ဟုပြောသည်။

ကျောင်းသားလေးများအဖို့ ကျောင်းသို့နေ့စဉ် လမ်းလျှောက် သွားရခြင်းကြောင့် ခက်ခဲမှုများရှိကြောင်း ကလေး ၆ ဦးဖခင် ဦးမုတ်လုံးက ပြောသည်။

"ကလေးတွေက ဒီစခန်းကနေ ကျောင်းကို မိနစ် ၃၀ ကျော်လောက် လမ်းလျှောက်သွားရတော့ မိုးတွေ အရမ်းရွာတဲ့ အချိန်တွေ၊ ထီးတွေပျက်သွားတဲ့အချိန်တွေမှာ ခက်ခဲတာပေါ့၊ တချို့က ကျောင်းသွားရင်းနဲ့ ကျောင်းမရောက်ဘူး . . အဲလိုတွေရှိတယ်။ ကျောင်းနဲ့ စခန်းဝေးတဲ့အတွက်ကြောင့် လိုက်ကြည့်လို့မရဘူး၊ စခန်းကနေ ကားနဲ့ ကျောင်းထိ ပို့ပေးမယ်ဆိုရင်တော့ ပိုအဆင်ပြေတာပေါ့" ဟုပြောသည်။

ထို စစ်ရှောင်စခန်းသည် တိုက်ပွဲများပြင်းထန်ချိန် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလက စတင်တည်ရှိခဲ့ခြင်းဖြစ်ပြီး ထိုစခန်းတွင် အိမ်ထောင်စု ၁၇၁ စု၊ လူဦးရေ ၉၆၂ ဦးရှိကြောင်း သိရသည်။

လဖိုင်လု

# ဒီခရီး နီးသလား

မြတ်သွေးထက်

ယနေ့ မြန်မာနိုင်ငံမှာ အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်နေတဲ့ လွှတ်တော်အမတ်နေရာအနည်းငယ်အတွက် ကြားဖြတ်ရွေးကောက်ပွဲကြီးကို မကြာမီရက်ပိုင်းအတွင်း ကျင်းပတော့မှာဖြစ်ပါတယ်။ ဒီလို ရွေးကောက်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်ကြဖို့အတွက် ပြင်ဆင်နေကြတဲ့ ပါတီငယ်တွေဆိုတာကလည်း မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ကြည့်ရင် မြောက်မြားစွာကို ရှိနေတာပါ။ တလောကတင် ကြံ့ခိုင်ရေးပါတီဥက္ကဋ္ဌ ဦးသန်းဌေးက ယနေ့ ပြည်သူလူထုရဲ့ လက်တွေ့ဘဝမှာ စီးပွားရေးကျဆင်းတာတွေ၊ လူမှုဘဝ လုံခြုံမှုမရှိတာတွေ ဖြစ်ပေါ်ခံစားနေရတာမို့ အခုထက်ပိုပြီး တည်ငြိမ်အေးချမ်းဖို့၊ စီးပွားရေးတိုးတက်လာအောင် အမြန်ဆုံးဆောင်ရွက်ပေးဖို့ ကြံ့ခိုင်ရေးပါတီနဲ့အတူ ပါတီငယ်(၂၇)ပါတီက လက်ရှိအစိုးရကို တောင်းဆိုလိုက်တဲ့ သတင်းကို ပြည်သူအများစုသိထားပြီးဖြစ်ပါလိမ့်မယ်။ ဆိုလိုချင်တာက တိုင်းဒေသကြီးတွေရော ပြည်နယ်တွေပါမကျန် ပါတီငယ်အစုအဖွဲ့ပေါင်း အမြောက်အမြား ရှိနေတယ်ဆိုတဲ့အကြောင်းပါ။

ဒီလို ပါတီငယ်အစုအဖွဲ့တွေ ဖွဲ့စည်းခြင်းအားဖြင့် အခုလာမယ့် နိုဝင်ဘာလ(၃)ရက်နေ့မှာ ပြုလုပ်မယ့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ဘယ်ပါတီကပဲနိုင်နိုင် ပြဿနာမရှိဘူးလို့ ဆိုရပေမယ်လို့ လာမယ့် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲအတွက် စိုးရိမ်စရာဖြစ်လာနေပါတယ်။ ဘာ့ကြောင့်တုန်း ဆိုတော့ ပါတီငယ် အစုအဖွဲ့တွေ များပြားလာတာဟာ ကိုယ့်လူမျိုးစုအလိုက်မဲထည့်ကြရင်း မဲပြားသွားပြီး တပ်မတော်ရဲ့ မဟာ မိတ်ပါတီတစ်ခုဖြစ်တဲ့ ကြံ့ခိုင်ရေးပါတီက မဲအရေအတွက် ၁၅ ရာခိုင်နှုန်း သို့မဟုတ် ၂၀ ရာခိုင်နှုန်းလောက် အနိုင်ရရှိသွားခဲ့တယ်ဆိုရင် လွှတ်တော်တွင်းက အသင့်စောင့်ဆိုင်းနေတဲ့ ၂၅ ရာခိုင်နှုန်းနဲ့ ပေါင်းပြီး အရပ်သားအစိုးရတဖြစ်လဲ တပ်မတော်လက်ထဲ အစိုးရဖွဲ့စည်းခွင့် ထည့်ပေးလိုက်သလိုဖြစ်သွားမှာကြောင့်မို့လို့ပါပဲ။ ဒါဆိုရင် အခြားပါတီတွေ အစိုးရဖွဲ့စည်းခွင့်မရတော့ဘဲ လွှတ်တော်တွင်းအဆိုတင်သွင်းတဲ့နေရာမှာလည်း တပ်မတော်ရဲ့မဟာမိတ် ကြံ့ခိုင်ရေးပါတီကပဲ ကြီးစိုးထားပါလိမ့်မယ်။

ဒါကြောင့် အမျိုးသားဒီမိုကရေစီပါတီအနေနဲ့ တိုင်းရင်းသားပါတီငယ်လေးတွေနဲ့ မဟာမိတ်ဖွဲ့ထား သင့်သလို တိုင်းရင်းသားပါတီငယ်လေးတွေ အချင်းချင်းလည်း ညီညွတ်ကြဖို့လိုပါလိမ့်မယ်။ ပြီးခဲ့တဲ့ ရွေးကောက်ပွဲတုန်းကဆိုရင် သောင်ပြိုကမ်းပြိုဆိုသလို အနိုင်ရခဲ့တဲ့ အမျိုးသားဒီမိုကရေစီပါတီကို ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ ရန်ကုန်တိုင်းဒေသကြီး စတဲ့နေရာဒေသ(၄)ခုမှာ ကြံ့ခိုင်ရေးပါတီကို အစိုးရဖွဲ့စည်းခွင့်ပေးရင် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ခွင့်ပေးမယ် ဆိုပြီး တပ်မတော်ဘက်က ကမ်းလှမ်းခဲ့တာကို သတိပြုသင့်ပါတယ်။ ဒါကို နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပယ်ချခဲ့တာပါ။ ဒါကြောင့် ၂၀၂၀ ရွေးကောက်ပွဲမှာဆိုရင် ပိုင်ဆိုင်မှု အသင့်အတင့်ရှိပြီး ကိုယ့်ဒေသတိုးတက်ရေးအတွက် ဖြောင့်မတ်တည်ကြည်စွာ အမှန်တကယ်အလုပ်လုပ်မယ့် ထက်မြက်တဲ့ပညာတတ်ကချင်လူကြီးလူကောင်းတွေအနေနဲ့ အမျိုးသားဒီမိုကရေစီပါတီကို ဝန်းရံသင့်တယ် ထင်ပါတယ်။ ဒီလိုဝန်းရံတယ်ဆိုရာမှာလည်း အမျိုးသားဒီမိုကရေစီပါတီ ပါတီဝင်ဖြစ်ခြင်း၊ မဖြစ်ခြင်းက အဓိကမ ဟုတ်ပါဘူး။ ဒါပေမဲ့ ဒါဟာ အမျိုးသားဒီမိုကရေစီပါတီဘက်ကနေ စည်းရုံးတဲ့ သဘောမျိုးလို့ မယူဆကြစေချင်ပါဘူး။ ကိုယ့်ပြည်နယ်မှာ တပ်မတော်ရဲ့ မဟာမိတ် ကြံ့ခိုင်ရေးပါတီက ကြီးစိုးသွားပြီး လွှတ်တော်တွင်း တင်ပြသမျှ အကျပ်အတည်းတွေ တွေ့လာနိုင်တဲ့သဘောကို ကြိုတင်ပြင်ဆင်ထားကြဖို့ အတွက်လို့ပဲ ဆိုချင်ပါတယ်။

အခုဆိုရင် ပြည်သူကတင်မြှောက်ထားတဲ့ အမျိုးသားဒီမိုကရေစီပါတီ အစိုးရကို အဘက်ဘက်က ထိုးနှက်တိုက်ခိုက်နေကြတာပါ။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အစိုးရဖွဲ့စည်းထားတဲ့ အမျိုးသားဒီမိုကရေစီပါတီရဲ့ ရာနဲ့ချီတဲ့အမတ်တွေထဲမှာလည်း အရောရောအနှောနှော ပါဝင်နေတာမို့ အမတ်ပေါင်းတစ်ရာကျော်လောက် သန့်ရှင်းသွားဖို့ကိုလည်း ပါတီအနေနဲ့ ကြေညာထားပြီးဖြစ်ပါတယ်။ ပြည်သူလူထုအားလုံးကလည်း ဝိုင်းဝန်းတည့်မတ်ပေးကြဖို့ လိုပါလိမ့်မယ်။ မှန်ရင် မှန်တဲ့အတိုင်း ထောက်ပြတိုင်တန်းနိုင်ပါတယ်။ ဒါပေမဲ့ မှန်ကန်တိကျမှုမရှိဘဲ ပုဂ္ဂိုလ်ရေးတိုက်ခိုက်တာမျိုးတော့ မဖြစ်သင့်ပါဘူး။

နောက်ပြီး ထပ်ခါတလဲလဲ ပြောနေရတဲ့ ၂၀၀၈ ဖွဲ့စည်းပုံဆိုတာကြီးအကြောင်း အချက်အနည်းငယ်လောက် သဘောပေါက်ထားရုံနဲ့ ပြည်သူလူထုအားလုံး ယနေ့ဖြစ်ပျက်နေတဲ့ ပြဿနာတွေရဲ့ ဇာစ်မြစ်ကို သဘောပေါက်နားလည်နိုင်တယ်လို့လည်း ပြောချင်ပါတယ်။ တကယ်တမ်း လက်ရှိအာဏာရ အစိုးရလက်ထဲမှာ လုပ်ပိုင်ခွင့်အာဏာ ၃၀ ရာခိုင်နှုန်းလောက်ပဲရှိနေတာပါ။ နိုင်ငံတော် ယန္တရားကြီးတစ်ခုလုံးကို လည်ပတ်နေတဲ့ ဌာနဆိုင်ရာအားလုံးနီးပါးရဲ့ ညွှန်ကြားစာမှန်သမျှကို အထွေထွေအုပ်ချုပ်ရေးဌာနက ကွပ်ကဲနေပါတယ်။ ဒီ အထွေထွေအုပ်ချုပ်ရေးဌာနအပြင် ရဲဌာန၊ အကျဉ်းဦးစီးဌာနနဲ့ မီးသတ်ဌာနတွေကို ပြည်ထဲရေးလက်အောက်ခံဌာနတွေဆိုပြီး ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ ထည့်သွင်းရေးဆွဲထားတာပါ။ ပြည်ထဲရေးဌာနကိုတော့ တပ်မတော်က ကွပ်ကဲပါတယ်။ ဆိုတော့ ပြည်သူ့အစိုးရက အခြေခံဥပဒေအရ ဝင်ရောက်စွက်ဖက်ခွင့်မရှိဘူးဆိုတာကို ပြည်သူလူထုတစ်ယောက်စီသိထားသင့်တယ် ထင်ပါတယ်။

နောက်ပြီး ယနေ့ တိုင်းပြည်စီးပွားရေးကို မထိန်းချုပ်နိုင်ဘူးဆိုတဲ့ ဝေဖန်မှုမျိုးကို ပြည်သူအားလုံး ကြားကြပြီးဖြစ်ပါတယ်။ ဒါကို နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် အနေနဲ့ “ကျွန်မတို့အနေနဲ့ သဘာဝသယံဇာတတွေကို ထုတ်ရောင်းတာမျိုး မလုပ်ချင်ပါဘူး”ဆိုပြီး အတိအလင်းပြောကြားထားတာပါ။ ဆိုတော့ သဘာဝ ပတ်ဝန်းကျင်ကောင်းကို ပြန်လိုချင်ရင် သစ်၊ ဝါး၊ ကြိမ်၊ ရွှေ၊ ကျောက် စတာတွေကို ထိန်းသိမ်းစောင့်ရှောက်ထားရမှာဖြစ်တာမို့ တစ်ခုလိုချင် တစ်ခုကို ပေးဆပ်ရပါလိမ့်မယ်။ ထပ်ပြီးပြောရရင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရေကြောင်းကနေ ကုန်စည်ဝယ်ယူရင် အမေရိကန်ဒေါ်လာ ပေးချေရ

စာ - ၁၉ သို့ »

# ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးကြစေလို

၂၀၁၅ ရွေးကောက်ပွဲမှာ ရွေးကောက်တင်မြှောက်ခံရပြီး လွှတ်တော်ကိုယ်စားလှယ်တာဝန်ကနေ နုတ်ထွက်တာ၊ ကွယ်လွန်သွားတာ၊ ပြည်ထောင်စုအဆင့်မှာ အစိုးရတာဝန်ပေးအပ်ခံရတာ စတဲ့ အခြေအနေတွေကြောင့် ကိုယ်စားလှယ်လစ်လပ်တဲ့ နေရာတွေမှာ ပြန်လည်ခန့်ထားဖို့ လာမယ့်နိုဝင်ဘာလ ၃ ရက်နေ့မှာ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပတော့မှာ ဖြစ်ပါတယ်။

တစ်နိုင်ငံလုံးမှာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ရဲ့ တာမွေမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အပါအဝင် ပြည်သူ့လွှတ်တော်လေးနေရာ၊ အမျိုးသားလွှတ်တော် ၁ နေရာနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော် ၈ နေရာ စုစုပေါင်း လစ်လပ်မဲဆန္ဒနယ် ၁၃ နေရာမှာ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမှာ ဖြစ်ပါတယ်။

ဇူလိုင်လ ၂ ရက်နေ့ကနေ ၁၁ ရက်နေ့အထိ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းဖို့ သတ်မှတ်ခဲ့စဉ်က တစ်နိုင်ငံလုံးအတိုင်းအတာအမည်စာရင်းတင်သွင်းသူ ၆၉ ယောက်ထဲမှာ ပါတီကိုယ်စားပြုတင်သွင်းသူ ၆၂ ယောက်နဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းအဖြစ် တင်သွင်းသူ ၇ ယောက်ရှိတယ်လို့ သတင်းတွေမှာ ဖော်ပြတာတွေ့ရပါတယ်။

အဲဒီထဲမှာ မြစ်ကြီးနားမြို့နယ်က အမျိုးသားလွှတ်တော် တစ်နေရာစာအတွက် ပါဝင်နေပါတယ်။ အဲဒီ နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်မယ့်သူ ခြောက်ဦးရှိပါတယ်။ တစ်သီးပုဂ္ဂလတစ်ဦးနဲ့ ပါတီကိုယ်စားပြုအမတ်လောင်း ၅ ဦးရှိပါတယ်။ ယှဉ်ပြိုင်မယ့်သူတွေကတော့ ဒေါက်တာသန်းထိုက်ဦး (တစ်သီးပုဂ္ဂလ)၊ ဒေါ်ယမ်ခေါန် (NLD)၊ ဦးဆီဟူးဒွေ့ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ ဒေါ်MD ခေါ်ညွယ် (ပြည်ထောင်စု တိုင်းရင်းသားများ ဖက်ဒရယ်ဒီမိုကရေစီပါတီ)၊ ဦးအောင်ခမ်း (ကချင်ဒီမိုကရက်တစ်ပါတီ)နဲ့ ဒေါ်ခင်အုန်း (ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ) တို့ဖြစ်ကြပါတယ်။

လက်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီ ၉၅ ပါတီ ရှိပြီး ၂၀၁၅ ခုနှစ်နောက်ပိုင်း မှတ်ပုံတင်တဲ့ပါတီ ၉ပါတီရှိတယ်လို့သိရပါတယ်။ အဲဒီပါတီတွေထဲကမှ ကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ နိုင်ငံရေးပါတီ ၂၄ ပါတီက ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းထားပြီး အဲဒီထဲမှာ လက်ရှိအာဏာရပါတီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လစ်လပ်မဲဆန္ဒနယ် ၁၃ နေရာလုံးမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ စာရင်းတင်သွင်းထားပါတယ်။ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီကတော့ လစ်လပ်မဲဆန္ဒနယ် ၁၀ နေရာအတွက်သာ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းထားတယ်လို့ သိရပါတယ်။

ကြားဖြတ်ရွေးကောက်ပွဲအတွက် မြစ်ကြီးနားမြို့နယ်မှာ မဲပေးခွင့်ရှိသူ နှစ်သိန်းကျော် ရှိပါတယ်။ ဒါပေမယ့် ၂၀၁၂ နဲ့ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲအတွေ့အကြုံတွေအရ မဲပေးသူများဟာ ကြားဖြတ်ရွေးကောက်ပွဲတွေမှာ ထက်ဝက်ခန့်တောင် လာရောက်မဲပေးသူ မရှိတာပါပဲ။

၂၀၁၇တုန်းက ကျင်းပခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာတော့ ကချင်ပြည်နယ်က မြို့နယ်တွေတစ်ခု မှ မပါဝင်ခဲ့ပါဘူး။ ၂၀၁၇ ခုနှစ်ဧပြီလ ၁ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာ လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာအတွက် ယှဉ်ပြိုင်သည့်ပါတီ ၂၄ ပါတီ၊ တစ်သီးပုဂ္ဂလ ၇ ဦး၊ ကိုယ်စားလှယ်လောင်းစုစုပေါင်း ၉၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲဒီတုန်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD)က ပြည်သူ့လွှတ်တော်တွင် ငါးနေရာ၊ အမျိုးသားလွှတ်တော်တွင် သုံးနေရာ၊ ပြည်နယ်လွှတ်တော်တွင် တစ်နေရာစုစုပေါင်း ကိုးနေရာ (ရာခိုင်နှုန်းအားဖြင့် ၄၇ ဒသမ ၃၇ ရာခိုင်နှုန်း) အနိုင်ရရှိခဲ့ပါတယ်။ ဒုတိယ အများဆုံး အနိုင်ရရှိခဲ့တဲ့ ပါတီမှာ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (SNLD) ဖြစ်ပြီး ပြည်သူ့လွှတ်တော်တွင် နှစ်နေရာနှင့် ပြည်နယ်လွှတ်တော်တွင် လေးနေရာ၊ စုစုပေါင်း ခြောက်နေရာ (ရာခိုင်နှုန်းအားဖြင့် ၃၁ ဒသမ ၅၈ ရာခိုင်နှုန်း) အနိုင်ရရှိခဲ့တာကို တွေ့ရပါတယ်။

ဒီလိုကြားဖြတ်ရွေးကောက်ပွဲမှာ ထူးခြားချက်အနေနဲ့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တွေကို မဲပေးပိုင်ခွင့်ရှိသူ အရေအတွက်နဲ့ နှိုင်းယှဉ်ရင် မဲပေးသူအရေအတွက် ကျဆင်းခဲ့ခြင်းဖြစ်ပြီး ပြည်နယ်လွှတ်တော်များတွင် မဲပေးပိုင်ခွင့်ရှိသူ အရေအတွက်၏ ထက်ဝက်နီးပါးခန့်သာ လာရောက်မဲပေးခဲ့ကြတယ်လို့ ဆိုပါတယ်။ ဒါကြောင့် မြစ်ကြီးနားက မဲဆန္ဒရှင်များအနေနဲ့ ကိုယ်တွေတင်မြှောက်ချင်တဲ့သူကို မဲအပြတ်အသတ်နဲ့ အနိုင်ရစေချင်တယ်ဆိုရင် တစ်ယောက်စီတိုင်း သွားရောက်မဲပေးကြဖို့ လိုမယ်ဆိုတာ ရေးသားလိုက်ရပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

# မြန်မာအစိုးရအပေါ် ပြည်ပနိုင်ငံများ ဝင်ရောက်စွက်ဖက်မှုကို မလိုလားသည့် မိုးညှင်းဒေသခံများ ဆန္ဒဖော်ထုတ်



အောက်တိုဘာ ၂၂

မြန်မာအစိုးရနှင့် တပ်မတော်အပေါ် ပြည်ပနိုင်ငံနှင့် အဖွဲ့အစည်းများက ဖိအားပေး ဝင်ရောက် စွက်ဖက်နေမှုကို မလိုလား၍ မိုးညှင်းမြို့တွင် တိုင်းလိုင်(ရှမ်းနီ)တိုင်းရင်းသားများနှင့် အတူနေတိုင်းရင်းသားများ စုပေါင်းကာ အောက်တိုဘာ ၂၁ ရက်နေ့က ဆန့်ကျင်ဆန္ဒထုတ်ဖော် ရှုံ့ချပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ရဲ့ ရင်ထဲမှာရှိတဲ့အတိုင်း ဆန္ဒဖော်ထုတ်တာပါ။ လက်ရှိအနေအထားအရ နိုင်ငံတော် အစိုးရနဲ့ တပ်မတော်အပေါ် နိုင်ငံတကာအဖွဲ့အစည်းအသီးသီးက ဝင်ရောက်ထိုးနှက်ချက်တွေရှိနေတာကြောင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၊ ပြည်သူ တစ်သားထဲ ဖြစ်နေရပါမယ်၊ အစိုးရကတစ်မျိုး၊ တပ်မတော်ကတစ်ဖုံ၊ ပြည်သူတွေက တစ်ကွဲစီ ဖြစ်နေမယ်ဆိုရင် ယခုလို ဝင်ရောက်စွက်ဖက်တာတွေ ရှိနေမှာပဲ။ ဒါကြောင့် သုံးလွှာပေါင်းတစ်ရွက်ဖြစ်တယ်ဆိုရင် ပြည်ပနိုင်ငံတွေက ဝင်ရောက်စွက်ဖက်ခြင်းမရှိနိုင်ဘူးဆိုတာကို ယုံကြည်လို့ အခုလိုဆန္ဒဖော်ထုတ်ပွဲပြုလုပ်ရခြင်း ဖြစ်တယ်။ အစိုးရရဲ့ပြည်တွင်း ပြည်ပနိုင်ငံရေးဆိုင်ရာ အကျပ်အတည်းတွေကို ပြည်သူတွေဘက်ကနေပြီးတော့ ဖြေလျော့ပေးတာလို့လည်း ပြောလို့ရပါတယ်"ဟု ဆန္ဒဖော်ထုတ်ပွဲ တာဝန်ခံ ဦးကျော်ဝင်းက ပြောသည်။

ဆန္ဒဖော်ထုတ်ပွဲတွင် ပါဝင်သည့် ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းမြင့်ကလည်း ၎င်းတို့အနေဖြင့် ပြည်ပအဖွဲ့အစည်းများက အစိုးရနဲ့ တပ်မတော်တို့အပေါ် ဝင်ရောက်ချယ်လှယ်မှုကို လက်မခံနိုင်သဖြင့် ဆန္ဒဖော်ထုတ်ပွဲတွင်ပါဝင်ရခြင်းဖြစ်သည်ဟု သဘောထားများကို ပြောပြခဲ့သည်။

"နိုင်ငံတော်အစိုးရနဲ့ တပ်မတော်က တစ်သားတည်းရှိရမှာပါ။ ပြည်ပနိုင်ငံတွေက ကျွန်တော်တို့နိုင်ငံကို ဝင်ရောက်စွက်ဖက်တာကို ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားတွေအနေနဲ့လည်း မလိုလားပါဘူး။ ဒါကြောင့် အခုလိုဆန္ဒဖော်ထုတ်ကြတာပါ"ဟုပြောသည်။

ထိုပွဲသို့ မိုးညှင်းမြို့ပေါ်မှ တိုင်းရင်းသားများအပြင် မိုးညှင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှလည်း ပါဝင်ခဲ့ကြပြီး အများစုမှာ အစိုးရနှင့်တပ်မတော်ကို ထောက်ခံသူများ ပါဝင်ဆင်နွှဲခဲ့ကြသည်။

"ကိုယ့်နိုင်ငံကိုနိုင်ငံတကာက ဝင်ရောက်စွက်ဖက်တာကို လုံးဝမလိုလားပါဘူး။ နိုင်ငံရဲ့ အခက်အခဲတွေ တွေ့ကြုံတိုင်း တပ်မတော်က ပြည်သူတွေကို ကာကွယ်ရင်ဆိုင်ပေးလို့ တပ်မတော်ကိုလည်း အားပေးထောက်ခံပါတယ်၊ ဒါကြောင့် ခုလို ဆန္ဒဖော်ထုတ်ပွဲကိုလာရောက်ရတာ ဖြစ်ပါတယ်"လို့ မိုးညှင်းဆယ်မိုင်ရွာသစ်ကျေးရွာမှ မငြိမ်းငြိမ်းအေးက ပြောသည်။

အဆိုပါ ဆန္ဒဖော်ထုတ်ကြရာ၌ မိုးညှင်းမြို့နယ်အတွင်းရှိ တိုင်းလိုင်(ရှမ်းနီ) တိုင်းရင်းသားများနှင့်အတူနေ တိုင်းရင်းသား ညီအကိုမောင်နှမများ ဆန္ဒဖော်ထုတ်သူဦးရေ တစ်ထောင်ကျော်တို့က နိုင်ငံတော်၏အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး- (ဒို့အရေး)၊ မြန်မာ့အရေးကို ဖိအားပေးဝင်ရောက်စွက်ဖက်သည့် ပြည်ပနိုင်ငံအဖွဲ့အစည်းများ - (အလိုမရှိ)၊ ARSA အကြမ်းဖက် လက်နက်ကိုင်အဖွဲ့အစည်း - (တိုက်ထုတ်ပစ်) မြန်မာ့တပ်မတော်၏ တရားသောစစ်- (အောင်ရမည်)၊ တိုင်းရင်းသားညီအကိုများ - (အရေးကြီးပြီ ပေါင်းစုကြစို့) အစရှိသည့် ကြွေးကြော်သံများ ကြွေးကြော်လျက် မိုးညှင်းမြို့၊ အရှေ့စုရပ်ကွက်ရှိ ရွှေသာလျောင်းဘုရား ဇာတ်ရုံကြီးမှ စတင်ခဲ့ပြီး မြို့အတွင်း လှည့်လည်ဆန္ဒဖော်ထုတ်ကြကြောင်း သိရသည်။

အဆိုပါ ဆန္ဒဖော်ထုတ်သည့် လမ်းတစ်လျှောက်လုံးတွင် 'ဒို့တာဝန်အရေးသုံးပါး' ဖြစ်သော ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အချာအာဏာ တည်တန့်ခိုင်မြဲရေး၊ စာတမ်းများပါရှိသော လက်ကိုင် ဆိုင်းဘုတ်၁ခု ၊ရခိုင်ဒေသအရေးသည် ပြည်တွင်းအရေးသာဖြစ်သည်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်နိုးကြားဖို့ အချိန်တန်ပြီ၊ နိုင်ငံတော်နှင့် တပ်မတော်အပေါ် ဖိအားပေး စွက်ဖက်နေသော ပြည်ပနိုင်ငံများအား တွန်းလှန်ကြ၊ UN-R2P, OIC , ICC ပြည်ပအဖွဲ့အစည်းများအား ဆန့်ကျင်ကြ၊ တိုက်ထုတ်ကြ၊ စွန့်လွှတ်စွန့်စား တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ ကျန်းမာပါစေ၊ပြည်ထောင်စုကြီး ဖွံ့ဖြိုးသာယာလှပဖို့ ပြည်သူအားလုံးပူးပေါင်းပါဝင်စို့ ဟူသော လက်ကိုင်ဆိုင်းဘုတ်များအား ကိုင်ဆောင်ကြပြီး လှည့်လှယ်ခဲ့ကြရာ မြို့ပေါ်ရှိ ပြည်သူများကလည်း တခဲနက်ထောက်ခံအားပေးခဲ့ကြောင်း သိရသည်။

ထွန်းထွန်း(မိုးညှင်း)

# မိုင်းဒဏ်သင့်သူများနှင့် မသန်စွမ်းသူများအတွက် အထောက်အကူပြု လမ်းညွှန်စာအုပ် ထုတ်ဝေ




အောက်တိုဘာလ ၂၆

ကချင်ပြည်နယ်အတွင်းရှိ မိုင်းဒဏ်သင့်သူများနှင့် မသန်စွမ်းသူများအတွက် အထောက်အကူပြုအဖွဲ့အစည်းများ လမ်းညွှန်စာအုပ်ကို ဒိန်းမတ်နိုင်ငံ လူမှုရေးအဖွဲ့အစည်း(DRC/DDG)က ထုတ်ဝေလိုက်သည်။

မြေမြှုပ်မိုင်းများနှင့် စစ်ပွဲများမှ ကြွင်းကျန်ရစ်သည့် ပေါက်ကွဲစေတတ်သော စစ်သုံးပစ္စည်းများကြောင့် ထောင်နှင့်ချီသော အပြစ်မဲ့ပြည်သူများ နှစ်စဉ်အသက်ဆုံးရှုံးနေကြရပြီး ထိခိုက်ဒဏ်ရာရသူများလည်း ထောင်ပေါင်းများစွာရှိနေသည့်အတွက် ကချင်ပြည်နယ်အတွင်းမှ မိုင်းဒဏ်သင့်သူမျာနှင့် မသန်စွမ်းသူများအတွက် အထောက်အပံ့အကူအညီပေးရေး အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်များကို လွယ်လင့်တကူသိရှိစေရန် ရည်ရွယ်ကာ ထိုစာအုပ်ကို ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာလ ၂၆ ရက်နေ့က မြစ်ကြီးနားမြို့ရှိ Palm Spring Resort Hotel တွင် အဆိုပါစာအုပ်ကို မိတ်ဆက်ထုတ်ဝေလိုက်သည်။

"အခုလိုပြုလုပ်တဲ့ပွဲကမိုင်းအန္တရာယ်နဲ့ပတ်သက်ပြီး ကြိုတင်ကာကွယ်တဲ့ပွဲဆိုလည်း မများပါဘူး။ ကျွန်တော်တို့က ဘယ်သူ့ကိုမှ ထိခိုက်နစ်နာအောင်လည်း လုပ်နေတာမဟုတ်ပါဘူး။ လက်နက်ကိုင်အဖွဲ့တွေကို နစ်နာမှုတွေဖြစ်အောင်လည်း လုပ်နေတာမဟုတ်ပါဘူး။ ပြည်သူတွေရဲ့ ဘဝထိခိုက်မှုတွေကို ကာကွယ်ချင်လို့သာ အခုလို စာအုပ်ကို ထုတ်ဝေရတာပါ"ဟု ဒိန်းမတ်လူမှုရေးအဖွဲ့အစည်းမှတာဝန်ခံကိုယ်စားလှယ် Mr. Pascal Simon က မီဒီယာများအား ပြောသည်။

ထိုစာအုပ်တွင် အမျိုးအစားအလိုက် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ဒေသခံအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (နိုင်ငံတကာ ကြက်ခြေနီကော်မတီအသင်း)၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများကို အရောင်များနှင့် ခွဲခြားဖော်ပြထားသည်။

အဆိုပါ မိုင်းဒဏ်သင့်သူများနှင့် မသန်စွမ်းသူများအတွက် အထောက်အကူပြုလမ်းညွှန်စာအုပ်ကို ပြည်သူအများဖတ်ရှုနိုင်မည့် အင်္ဂလိပ်/ မြန်မာ/ ကချင်နှင့်ရှမ်းဘာသာများဖြင့် တစ်ဘာသာချင်းစီ ပုံနှိပ်ထုတ်ဝေထားကြောင်း သိရသည်။

ဒိန်းမတ်လူမှုရေးအဖွဲ့အစည်းသည် ၁၉၅၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ဒိန်းမတ်နိုင်ငံအခြေစိုက် အဖွဲ့အစည်းဖြစ်ပြီး နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးနေသောအဖွဲ့ကြီး တစ်ခုလည်းဖြစ်ကာ မြန်မာနိုင်ငံတွင် မိုင်းအန္တရာယ်ထိခိုက်ကြုံတွေ့နေရသူများအပေါ် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများကိုဆောင်ရွက်ပေးလျက်ရှိသည်။

အစိုးရအဖွဲ့အစည်းမဟုတ်သော ကုလသမဂ္ဂလူသားချင်းစာနာညှိနှိုင်းရေးရုံး (OCHA) ကလည်း ယခုနှစ် အစောပိုင်း (ဧပြီလ)က ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် မိုင်းနှင့် စစ်လက်နက်ကြွင်းကျန် ပေါက်ကွဲစေတတ်သော ပစ္စည်းများကြောင့် ထိခိုက်သေဆုံးမှုပေါင်း ၃၃၇ မှုရှိခဲ့ပြီး ထိခိုက်မှုအများဆုံး ဖြစ်ပွားနေသည့်နေရာမှာ လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားနေဆဲဖြစ်သည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးဖြစ်ခဲ့သည်ဟု စာရင်းထုတ်ပြန်ထားသည်။

ဆိုင်း (ကချင်မြေ)

# လူငယ်တစ်စု၏ အုပ်စုဖွဲ့ရိုက်နှက်မှုကြောင့် လူငယ်တစ်ဦးသေဆုံး

အောက်တိုဘာ ၂၂

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်တွင် အောက်တိုဘာလ ၁၉ ရက်ည ၁၁ နာရီခန့်က လူငယ်တစ်စု၏ အုပ်စုဖွဲ့ရိုက်နှက်မှုကြောင့် လူငယ်တစ်ဦး သေဆုံးသွားကြောင်း သိရသည်။

သေဆုံးသူလူငယ်နှင့် သူငယ်ချင်းနှစ်ဦးတို့သည် ည ၁၀ နာရီခန့်က မြို့သစ်ကြီးရပ်ကွက်၊ ပြည်ထောင်စုလမ်းနှင့် မြို့ပတ်လမ်းဆုံရှိ ဓာတ်မီးတိုင်အောင်၌ အရက်ထိုင်သောက်နေကြစဉ် နာရီဝက်အကြာတွင် လူငယ် ၁၄ ဦး ရောက်ရှိလာပြီး အရက်သောက်ရင်း ဂစ်တာတီး၊ သီချင်းဆိုနေခဲ့ကြကြောင်း သိရသည်။

ထို့နောက် ပထမလူငယ်သုံးဦးအဖွဲ့က ည ၁၁ နာရီခန့်တွင် ၎င်းတို့သောက်ထားသည့် အရက်ပုလင်းပြားကို ဓာတ်မီးတိုင်အောက်ခြေ ကွန်ကရစ်အခင်းပေါ်သို့ ရိုက်ခွဲလိုက်ပြီး နေရာမှထွက်ခွာသွားစဉ် ဒုတိယလူငယ်အဖွဲ့ ရပ်ထားသည့် ဆိုင်ကယ်အနီး အရောက် ခြေထောက်ဖြင့်ကန်လိုက်သည့် ခဲလုံးကလည်း ဒုတိယအဖွဲ့၏ ဆိုင်ကယ်တစ်စီးကိုထိမှန်သွားခဲ့ရာမှ ရန်ပွဲအစပြုခဲ့ကြောင်း သိရသည်။

ဓာတ်မီးတိုင်နှင့်ကိုက် ၄၀၀ ခန့်အကွာအရောက်တွင် ဒုတိယအဖွဲ့မှ လူငယ်နှစ်ဦးက နောက်မှလိုက်သွားရာ သေဆုံးသူ၏ သူငယ်ချင်းနှစ်ဦးမှာ တုတ်များ ကိုင်ထားကြောင်း တွေ့ရှိခဲ့ရသဖြင့် ၎င်းတို့အဖွဲ့ကို အကျိုးအကြောင်း ပြောပြပြီး မိန်းကလေးနှစ်ဦးကို ဆိုင်ကယ်ဖြင့် ပြန်ခိုင်းလိုက်ကြောင်း၊ ကျန်လူငယ် ၁၂ ဦးက အနီးအနားမှ သစ်ကိုင်းအစို၊ အခြောက်များကို ချိုးယူ၍ လိုက်သွားကာ ဝိုင်းဝန်းရိုက်နှက်ခြင်း၊ ထိုးကြိတ်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

ထိုသို့ ဝိုင်းဝန်းရိုက်နှက်ခြင်း၊ ထိုးကြိတ်ခြင်းများကြောင့် သေဆုံးသူနှင့်သူငယ်ချင်းနှစ်ဦးသည် ဒဏ်ရာများ ရရှိခဲ့ကြပြီး ကျော်ဇေယျဆိုသူမှာ မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ဆေးကုသမှု ခံယူနေစဉ် အောက်တိုဘာလ ၂၀ ရက် နံနက် ၄ နာရီခန့်က ဦးခေါင်းတွင် ရရှိသည့်ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

သေဆုံးသူ၏မိဘက ၎င်းတို့သားကို သေဆုံးသည့်တိုင်အောင် ဝိုင်းဝန်းရိုက်နှက်သွားသူများကို စုံစမ်းဖော်ထုတ် အရေးယူပေးပါရန် တိုင်တန်းထားသည့်အတွက် မြစ်ကြီးနား နယ်မြေရဲစခန်းက ရာဇသတ်ကြီးဥပဒေပုဒ်မ - ၁၀၂/ ၃၂၅/ ၁၁၄ တို့ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

ဝိုင်းဝန်းရိုက်နှက်ခဲ့သည်ဆိုသော ဒုတိယအဖွဲ့ လူငယ် ၁၂ ဦးထဲမှ ၇ ဦးကို ဖမ်းဆီးရမိပြီဖြစ်ပြီး မှုခင်းဖြစ်ပွားသည့်ညက ပြန်ခိုင်းလိုက်သည့် မိန်းကလေးနှစ်ဦးကို သက်သေအဖြစ် ထိန်းသိမ်းထားကြောင်းနှင့် ကျန်လူငယ် ၅ ဦးကို ဆက်လက်ဖမ်းဆီးနိုင်ရေးဆောင်ရွက်နေကြောင်း နယ်မြေရဲစခန်းမှ သိရသည်။

မွန်းမွန်းပန်

# ဖားကန့်တွင် ပျောက်ဆုံးသွားသည့် ဖြိုးမောင်မောင်ကို အချိန်ငါးလကြာသည့်တိုင် ပြန်မတွေ့သေး

အောက်တိုဘာ ၂၆

ဖားကန့်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးအနီးတွင် ပျောက်ဆုံးသွားခဲ့သည့် ယာဉ်မောင်း ကိုဖြိုးမောင်မောင်အား အချိန် ငါးလကျော်ကြာသည်အထိ ပြန်လည်ရှာဖွေမတွေ့ရှိသေးကြောင်း သိရသည်။

ကိုဖြိုးမောင်မောင်သည်မိုးတွင်းကာလ ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများ ရပ်နားသည့်အချိန်တွင် လုပ်ခလစာရရှိရေးအတွက် အလုပ်သမား ၄၀၀ ကျော်နှင့်အတူ ပြဿနာဖြေရှင်းနေရင်း မေလ ၁၇ ရက်နေ့အရောက်တွင် ရှမ်းမိတ်လက်ဖက်ရည်ဆိုင် အတွင်း လက်ဖက်ရည် သောက်နေစဉ် အမည်မသိလူသုံးဦးက "ဖြိုးမောင်မောင်လား . . လိုက်ခဲ့" ဟု မေးမြန်းကာ ကားဖြင့်တင်ခေါ်သွားပြီး ယနေ့အချိန်အထိ ပျောက်ဆုံးနေခြင်း ဖြစ်သည်။

"အခုထိ သေလား၊ ရှင်လား မသိရသေးဘူး။ နေ့တိုင်း အိပ်လို့လည်း မပျော်ဘူး။ အချိန်ကလည်း အရမ်းကို ကြာနေပြီ။ ဘယ်ကို အားကိုးရမလဲ မသိတော့ဘူး"ဟု ကိုဖြိုးမောင်မောင်၏ဇနီးဖြစ်သူမရီရီရွှေက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ယင်းအကြောင်းအရာနှင့် ပတ်သက်ပြီး နိုင်ငံတော်အဆင့်အထိ တတိယအကြိမ်မြောက် စာတင်တိုင်ကြားထားသည်ဟုသိရပြီး မြန်မြန်ဆန်ဆန် ဖော်ထုတ်အရေးယူနိုင်ရန်အတွက် တောင်းဆိုထားကြောင်းလည်း မရီရီရွှေက ဆက်လက်ပြောသည်။

ကိုဖြိုးမောင်မောင် ပျောက်ဆုံးနေခြင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ မိသားစုဝင်များက သက်ဆိုင်သည့်ဌာနများ ရှိရာသို့ လာရောက်တွေ့ဆုံကာ အကြံဉာဏ် ရယူဆောင်ရွက်သင့်ကြောင်း၊ အုပ်ချုပ်ရေးပိုင်းအနေဖြင့်လည်း လိုအပ်သည့် ကူညီထောက်ပံ့မှုများကို လုပ်ဆောင်ပေးသွားမည် ဖြစ်ကြောင်း ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က ပြောသည်။

"ကာယကံရှင်တွေက တာဝန်ရှိတဲ့သူနဲ့ လာတွေ့သင့်တာပေါ့။ အဲဒါကြောင့်မို့လို့ အားနည်းနေတာ။ လိုအပ်ရင် လူပျောက်ကြော်ငြာတာတို့၊ သတင်းစာထဲထည့်တာတို့ လုပ်ပေးလိုက်မှာလေ။ သူတို့လာပြီဆိုတာနဲ့ ဒီဘက်က တာဝန်ရှိသူတွေက ကူညီပေးဖို့ အသင့်ရှိပါတယ်"ဟု ဦးကျော်စွာအောင်က ပြောသည်။

ဖားကန့်ဒေသတွင်သေနတ်ကိုင်လုပ်ကြံမှုကြောင့် ၂၀၁၅ ခုနှစ်က မော်ရှန်ကျေးရွာမှ ဦးအေးထွန်း၊ ဝေ့ခါကျေးရွာမှ ဦးကံဆက်၊ နမ့်မော်ကျေးရွာတွင် ဦးထွန်းလွင်၊ ၂၀၁၆ မေလ ၂၂ ရက်နေ့က မော်ရှန်ရာအိမ်မှူးဒေါ်နန္ဒာလှိုင်နှင့် နာဂကျောင်းသားလူငယ် မောင်အားဆီ (ညအချိန်ပြန်လာစဉ် ဆိုင်ကယ်ရပ်တန့်ခိုင်းရာ မရပ်၍ဟုဆိုကာ မြန်မာ့တပ်မတော်တပ်ရင်းတစ်ရင်းမှ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ထိမှန်သေဆုံးခဲ့သူ)နှင့် ၂၀၁၆ အောက်တိုဘာ ၃ ရက်နေ့ည ၁၀ နာရီခန့်က ဆိပ်မူကျေးရွာနေ ဦးကျော်မျိုး၊ ထိုလ ၁၆ ရက်နေ့က စပေ့ါကျေးရွာ ရပ်ကွက် (၄)တွင် လူနှစ်ဦးစီးလာသည့် ဆိုင်ကယ်ပေါ်မှ အသင့်ပါလာသောသေနတ်ဖြင့် ပစ်၍ သေဆုံးသူဦးညွန့်ဆွေ(ခ)ဖက်တီး၊ အမည်မသိလူ ၂ ဦးမှ ခေါ်ဆောင်သွားပြီး သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရသူ ကျောင်းဆရာ ဦးအောင်ဇင်ထွန်းနှင့် ဖားကန့်မြို့နယ် မော်တော်ယာဉ်ကြီးကြပ်ရေးကော်မတီ (ယကတ)ဥက္ကဋ္ဌ ဦးခင်စိုး ဦးခေါင်းကိုသေနတ်ဖြင့်ပစ်သတ်ခံရခြင်းကြောင့် သေဆုံးခဲ့ရပြီး အသက် မသေဆုံးခဲ့သော်လည်း သေနတ်ဖြင့် လာရောက် ခြိမ်းခြောက်မှုများလည်း အများအပြားရှိခဲ့သည်။

စည်သူ(မြစ်ကြီးနား)

# ဖားကန့်ဒေသတွင် ကျောက်မိုင်းခွဲရာမှတာဝန်ကျကုမ္ပဏီဝန်ထမ်း တစ်ဦး ထိခိုက်သေဆုံး

အောက်တိုဘာ ၂၅

ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု ငိုးပင်မော်တွင် အင်အားပြင်းကျောက်မိုင်းဖောက်ခွဲခြင်းကြောင့် တာဝန်ကျ ဝန်ထမ်းတစ်ဦး ကျောက်တုံးပိ သေဆုံးသွားကြောင်း လုံးခင်းရဲစခန်းမှ သိရသည်။

နေမင်းကမ္ဘာ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ လုပ်ကွက်အမှတ် (ငိုးပင်-၁၀) အတွင်းဖောက်ခွဲခဲ့ခြင်းဖြစ်ကာ လုပ်ကွက် ကြီးကြပ်တာဝန်ထမ်းဆောင်နေသူ ဦးသိန်းဟန်ကိုထိမှန်ခဲ့ပြီး ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

"ဖြစ်စဉ်အမှန်က လုပ်ကွက်တိုင်းတာ နေတာပါ။ ကမ်းပါးမှာဆေးမှုတ်ဖို့အလုပ်၊ အပေါ်က မိုင်းခွဲချလိုက်တာပါ။ ခရာလည်းမတုပ်၊ (စကားပြော)စက်နဲ့လည်း မပေါက်ဘဲနဲ့ ဒီအတိုင်းခွဲချလိုက်တာပါ။ တိုင်းတာရေး နှစ်ယောက်က အပြေးမြန်လို့ လွတ်သွားတာပါ။ မိုင်းခွဲတယ်ဆိုတာ အားလုံးကိုအကြောင်းကြားပြီးမှခွဲကြရတာပါ။ အခုတော့ ပေါ့ဆမှုကြောင့် အသက်တစ်ချောင်းသေရပြီ"ဟု အမည်မဖော်လိုသူမျက်မြင်တစ်ဦးက ဆိုသည်။

ဦးသိန်းဟန် သေဆုံးရခြင်းနှင့် ပတ်သက်ပြီး ကျန်ရစ်သူမိသားစုဝင်များကို ကျေနပ်သည်အထိ ဆောင်ရွက်ပေးခဲ့သည်ဟုလည်း နေမင်းကမ္ဘာကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကရုဏာကြေး သိန်း ၃၀၀ ပေးခဲ့တဲ့အပြင် သူရဲ့ ညီ/ညီမလေးတွေ ကျောင်းစရိတ်အတွက်ဆိုပြီး ကူညီပေးခဲ့တယ်။ အားလုံး သိန်း ၄၀၀ လောက်ပေါ့"ဟု အထက်ပါတာဝန်ရှိသူကပြောသည်။

ဖားကန့်ကျောက်စိမ်းတွင်းဒေသတွင် မိုင်းခွဲဖြစ်စဉ်ကြောင့် သေဆုံးခဲ့သူ အများအပြားရှိနေသော်လည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်ခြင်း မရှိကြောင်း ဒေသခံများထံမှသိရပြီး ယင်းသို့ မိုင်းခွဲခြင်းကြောင့် အနီးအနားရှိ အဆောက်အအုံများနှင့် လူနေအိမ်များ တုန်ခါပျက်စီးမှုလည်း အများအပြားရှိနေကြောင်းလည်း သိရသည်။

စည်သူ(မြစ်ကြီးနား)၊
ဇော်မိုးထက်(ဖားကန့်)

| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# တက္ကသိုလ် စာရေးမများကို ကျောင်းအပ်နှံခိုင်းသည့်အဝေးသင်ကျောင်းသား တချို့ စာသင်နှစ် တစ်နှစ်နောက်ကျမှုများရှိနေ



အောက်တိုဘာ ၂၆

မြစ်ကြီးနား တက္ကသိုလ်တွင် အဝေးသင်တက်ရောက်နေသော ကျောင်းသူ/သားများနှင့် တက္ကသိုလ်ဝန်ထမ်းများအကြားတွင် ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ အချိတ်အဆက်အလွဲများကြောင့် စာသင်နှစ် တစ်နှစ်နောက်ကျခဲ့ရသည့် ကျောင်းသားများ ရှိနေကြောင်း သိရသည်။

နယ်ဝေးမှ ကျောင်းသားများက ကျောင်းဖွင့်ရာသီအမီ ကျောင်းအပ်နှံရန် တက္ကသိုလ်မှ စာရေးမများနှင့် ချိတ်ဆက်ဆောင်ရွက်ကြရာ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နှံနိုင်ခြင်း မရှိလိုက်သည့် ကျောင်းသားများ ကျောင်းတက်ခွင့်မရဘဲ စာသင်နှစ် တစ်နှစ်နောက်ကျခဲ့ရကြောင်း ကျောင်းသားများထံမှ သိရသည်။

တချို့ကျောင်းသားများဆိုလျှင် ကျူရှင်တက်ရောက်နေပြီးနောက်မှ ကျောင်းမအပ်နှံရသေးသည်ကိုသိကြသဖြင့် အဆောင်ကြေးများ၊ ကျူရှင်လခများလည်း ဆုံးရှုံးနေကြရသည်ဟု ကျောင်းသူတစ်ဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျောင်းမှာ ကိုယ်တိုင်သွားအပ်တယ်ဆိုရင်လည်း စာရေးမတွေပဲ ကိုင်တာလေ။ သူတို့က အဲ့ဒီမှာထားထားလိုက် စာရေးမတွေကို အပ်လိုက်လို့ပဲ ပြောတာ။ အခု မေဂျာကျူရှင်မှာဆို ကျောင်းမအပ်ထားတဲ့သူတွေ သုံးယောက်တောင်ရှိတယ်။ ကျူရှင်တောင် တက်နေပြီးမှ သိရတာတွေပေါ့"ဟု စိတ်ပညာမေဂျာမှ ကျောင်းသူတစ်ဦးက ပြောသည်။

ကျောင်း အပ်နှံခြင်းနှင့်ပတ်သက်၍ ထိုသို့လွဲချော်မှုများဖြစ်ပွားပါက တာဝန်ယူမှု၊ တာဝန်ခံမှုများမရှိကြဘဲနစ်နာသူကျောင်းသားများဘက်မှအချိန်ကုန်၊ ငွေကုန်သည့်အပြင် အချိန်တစ်နှစ် ပုပ်သွားရသည့်အတွက် အစားထိုးမရသည့်နစ်နာမှုများ ဖြစ်သည်ဟုလည်း ထိုကျောင်းသူက သုံးသပ်ပြောကြားခဲ့သည်။

"နောက်နှစ်ကျရင် အလကားထားပေးမယ် အဆောင်ကြေးတွေရော အလကားထည့်ပေးမယ်လို့ပဲ ပြောတာလေ။ ကျောင်းတက်တာက နောက်ကျသွားပြီ။ တစ်နှစ်လုံး ပိုက်ဆံရှာပြီး ကျောင်းတက်ဖို့လာခဲ့တာကျောင်းကမအပ်ထားပေးဘူးဆိုတော့ ယူကျုံးမရကြီးတွေကိုဖြစ်လို့ ဘာပြောရမှန်းတောင်မသိတော့ဘူး"ဟု ပြောသည်။

ယင်းကဲ့သို့ ကျောင်းအပ်နှံရန် စာရင်းကျန်ခဲ့သည့်ဖြစ်စဉ်များမှာ နှစ်စဉ်ဖြစ်နေကျ ဖြစ်စဉ်တစ်ခုလိုဖြစ်နေပြီး ထိုသူများ အဆင်ပြေအောင် နောက်နှစ်များတွင် ပြန်လည်ဆောင်ရွက်ပေးကြောင်း အဝေးသင်ဌာန၊ အငယ်တန်းစာရေးမ ဒေါ်စန်းစန်းထွေးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အဲဒါမျိုးတွေက ဒီနှစ်မှဖြစ်တာမဟုတ်ပါဘူး။ နှစ်စဉ်နှစ်တိုင်းပါပဲ။ ဘယ်သူမှတော့ တမင်ကျန်စေချင်တာ မဟုတ်ဘူး။ တစ်ခါတလေ အလုပ်ရှုပ်တဲ့အခါမျိုးတွေမှာ ကျန်ခဲ့တာမျိုးတွေပေါ့။ တချို့ကလေးတွေကျတော့လည်း ဘာအချက်အလက်မှမပါဘဲ နာမည်လေးနဲ့ပဲ လာအပ်တာတွေရှိတယ်။ သူတို့အတွက်လည်း စိတ်မကောင်းစရာတော့ ဖြစ်တာပေါ့။ နောက်နှစ်တွေမှာအဆင်ပြေအောင် ပြန်ပြီးဆောင်ရွက်ပေးရတာပေါ့"ဟု ဒေါ်စန်းစန်းထွေးက ပြောသည်။

ကျောင်းအပ်နှံရာတွင် စာရင်းကျန်ခဲ့ခြင်းများမဖြစ်ရလေအောင် ကျောင်းသားများအနေဖြင့် လူကိုယ်တိုင်လာရောက် အပ်နှံစေလိုကြောင်း၊ စာစဉ်များကိုလည်း ကိုယ်တိုင်ဖြေဆိုစေလိုကြောင်း၊ စာရေးမများမှတစ်ဆင့် အပ်နှံခိုင်းမည်ဆိုလျှင် ကျောင်းသားများဘက်မှလည်း အဆက်အသွယ်မပြတ်စေလိုကြောင်းလည်း ဒေါ်စန်းစန်းထွေးက အကြံပြုပြောကြားသည်။

"ကျောင်းက ကိုယ်တိုင်လာအပ်စေချင်တယ်။ လာအပ်လို့ရတယ် သူတို့က လာမအပ်ကြတာ။ တချို့ဆို ဝေးလို့ လာမအပ်နိုင်ကြတော့ စာရေးမတွေနဲ့အပ်တယ်။ ကျောင်းအပ်ခိုင်းထားပြီဆိုရင်လည်း နာမည်စုံအောင်၊ ဓာတ်ပုံ၊ ခုံနံပါတ်တွေစုံအောင် ယူလာဖို့ အဆက်အသွယ် တစ်ဦးနဲ့တစ်ဦး လုပ်ဖို့ ပြောချင်တယ်"ဟု ဒေါ်စန်းစန်းထွေးက ပြောသည်။

အဝေးသင်ပညာရေးသည် တစ်နှစ်လျှင် သုံးသုတ်ရှိသည့်အနက် တစ်သုတ်လျှင် အယောက်ထောင်ချီရှိပြီး နောက်ပိုင်းတွင် အင်တာနက်မှတစ်ဆင့် သင်ယူလေ့လာနိုင်တော့မည်ဖြစ်ကြောင်းလည်း သိရသည်။

Ann

## ၁ နှစ်ပြည့်အောက်မေ့သတိရလွမ်းဆွတ်ခြင်း

ဦးအင်မန်နော်အောင်
စီးပွားကူးသန်းရေးဝန်ကြီးဌာန (ငြိမ်း)
အသက် (၇၇) နှစ်

ယခင် မဂျီဘွမ်၊ ဂါးခရဲန်ကျေးရွာတွင် နေထိုင်သော (ဦးအင်မန်ဇော်လီ + ဒေါ်ဆနာထု) တို့၏သား ရန်ကုန်မြို့တွင်နေထိုင်ခဲ့ပြီးယခု မြစ်ကြီးနားမြို့၊ တပ်ကုန်းတောင်၊ အမှတ် (၃၀)တွင်နေထိုင်သော သားသမီး (၁၀)ဦး၏ ဖခင်၊ မြေး (၁၅) ယောက်၏အဖိုး၊ **ဒေါ်အူဒီလုရာ ၏ ချစ်လှစွာသော ခင်ပွန်း**

**ဦးအင်မန်နော်အောင်**

သည် ၃၁/၁၀/၂၀၁၇ အင်္ဂါနေ့ ညနေ ၃း၂၅ နာရီ အချိန်တွင် ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်သောကြောင့် (၁)နှစ်ပြည့် အောက်မေ့သတိရ ကျေးဇူးတော်ချီးမွမ်း ဝတ်ပြုဆုတောင်းခြင်းကို ၃၁/၁၀/၂၀၁၈ ဗုဒ္ဓဟူး နေ့တွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများကို အကြောင်းကြားအပ်ပါသည်။

**ဒေါ်အူဒီလုရာနှင့် မိသားစု**

## Movie View

▶ **ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၂၆ - ၁၀ - ၂၀၁၈ မှ ၁ - ၁၁ - ၂၀၁၈ အထိ

မြန်မာရုပ်ရှင်ကို နေ့လယ် ၁၂ း ၀၀ နာရီ နှင့် ည ၇ း ၀၀ နာရီ ပွဲချိန်များတွင် - **တစ္ဆေပါလာပြီ**

နိုင်ငံခြားရုပ်ရှင်ကို ညနေ ၃ း ၃၀ နာရီ ပွဲချိန်တွင် - Small Foot








| ရွှေဈေး | |
|---|---|
| ခေါက်ရွှေ | ၁၀၂၅၀၀၀ ကျပ် |
| ခေါက်စပ် (ဒင်္ဂါးစပ်) | ၉၆၆၀၀၀ ကျပ် |

| ဆိုင်ကယ်ဈေးနှုန်း (KENBO Showroom) | |
|---|---|
| KENBO Digital/ရိုးရိုး | ၇၇၀၀၀၀/၇၅၀၀၀၀ ကျပ် |
| CANDA | ၅၆၅၀၀၀ ကျပ် |
| SHAYAN | ၅၆၅၀၀၀ ကျပ် |
| FEILING | ၅၆၅၀၀၀ ကျပ် |
| JIA LING | ၆၈၅၀၀၀ ကျပ် |
| CYCLONE | ၁၀၂၅၀၀၀ ကျပ် |

# စာအုပ်စင်ကဏ္ဍ

ညီထွန်းလင်း




## ဘာသာဗေဒနှင့်စာပေ

(စာပေးရေးဟန်ပညာမိတ်ဆက်)

စာရေးသူ = ဒေါက်တာဇော်ထွန်း

စာအုပ်တိုက် - နှစ်ကာလများ

တန်ဖိုး = ၃၀၀၀ ကျပ်

Raymond Chapman ၏ Linguistics and Literature ကိုဒေါက်တာဇော်ထွန်းက ဘာသာဗေဒနှင့် စာပေ (စာပေရေးဟန်ပညာမိတ်ဆက်) နာမည်နှင့် ဘာသာပြန်ထားခြင်း ဖြစ်ပါသည်။ ဘာသာပြန်ရာတွင် စာဖတ်သူများနားလည် လွယ်စေရန်အတွက် ဒေါက်တာဇော်ထွန်းက မြန်မာစာပေမှ ဥပမာလေးများဖြင့် ရှင်းပြခြင်းများလည်း ပါဝင်သည်။ ဘာသာဗေဒနှင့်ရေးဟန်ပညာမှာ ခက်ခဲနက်နဲသော ပညာရပ်တစ်ခုဖြစ်ပါသည်။ စာပေလေ့လာလိုက်စားသူများ၊ စာပေပညာရှင်များနှင့် ဘာသာဗေဒစိတ်ဝင်စားသူများ ဖတ်ရှုရမည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

"ဤနေရာ၌ ထူးထူးခြားခြား မှတ်ချက်ပြုရမည်မှာ ပြဇာတ်သည် အရေးနှင့်အပြောနှစ်မျိုးစလုံးနှင့် ဆက်စပ်နေသော စာပေအမျိုးအစားဖြစ်သည်ကို စိတ်ဝင်စားဖွယ်တွေ့ရှိရမည်ဖြစ်သည်။ ပြဇာတ်စာကို သရုပ်ဆောင်များအနေဖြင့် ပရိတ်သတ်ရှေ့မှောက်တွင် အသံအမျိုးမျိုးဖြင့် ပြောဆိုရန် ရည်ရွယ် ရေးသားထားပါသည်။ ထို ပြဇာတ်စာတစ်ပုဒ်လုံးကို အကွက်ကျကျစီမံ၍ တင်ဆက်ထားခြင်းလည်း ဖြစ်သည်။ ပရိတ်သတ်ရှေ့မှောက်သို့ မတင်ဆက်မီမှာပင် ဘယ်အခန်းပြီးလျှင် ဘယ်အခန်းဟု ကြိုတင်ဆုံးဖြတ်ပြီးဖြစ်သည်။ ထို့ပြင်ပြဇာတ်အဆုံးမှာ ပရိသတ်ကို ဘာပေးမလဲ၊ပရိသတ်ရင်ထဲမှာ တထိတ်ထိတ်နှင့် ဇာတ်ရှိန်တက်အောင် ဘယ်လိုလုပ်မလဲ ဆိုသည်ကိုလည်း ကြိုတင်စဉ်းစားပြီး ဖြစ်သည်။ ပရိသတ်၏ ချက်ချင်းတုန့်ပြန်ခြင်း၊ ပရိတ်သတ်နှင့် ဇာတ်ကောင်တစ်ထပ်တည်းကျခြင်း၊ ဇာတ်အိမ်ကို ဖန်တီးတည်ဆောက်ခြင်း၊ (အယ်လစ်ဇဘက်ခေတ်ဖြစ်စေ၊ ဘရတ်ရှန်ပြဇာတ်ခေတ်ဖြစ်စေ)ပရိတ်သတ်ကြီးဆီသို့ ဇာတ်ကောင်က တိုက်ရိုက်လှမ်းပြောခြင်းစသည့် ပြဇာတ်ဘာသာစကားသာမက ဇာတ်စင်အခင်းအကျင်း ပညာတို့သည်လည်း ပါဝင်ပတ်သက်နေပေသည်။

ပြဇာတ်သည် ပရိတ်သတ်ရင်ထဲသို့ထိသွားအောင် အမြင်အာရုံသာမက စကားပြောအတတ်ပညာကိုပါ သုံးစွဲသည်။ စကားပြောဟူသည် စကားသံများဖြင့်သာ ဖွဲ့စည်းထားသည် မဟုတ်ပါ။ (အရေးအသားသည်လည်း အက္ခရာများ မည်ကာမတ္တဖြင့် ဖွဲ့စည်းထားခြင်း မဟုတ်ပါ။ အသံ အဖိအဖော့၊ လေယူလေသိမ်းစသည့် ပြောစကား၏ စကားသံမဟုတ်သော အသံလက္ခဏာများသည် တစ်ဦးချင်းစီ၏ ပြောပေါက်ဆိုပေါက်အပေါ် မူတည်၍လည်း ပြောင်းလဲနိုင်ပါသည်။ အခြေအနေတစ်ခု၏ ပြောင်းလဲမှုအပေါ်၌လည်း မူတည်ပါသည်။ (စာ - ၉၀ မှ)

---




## မက်ဂျစ်ကယ်ရီရယ်လစ်ဇင်

စာရေးသူ = မင်းခက်ရဲ

စာအုပ်တိုက် = Myanmar Knowledge Society

တန်ဖိုး = ၂၀၀၀ ကျပ်

ကမ္ဘာ့ရသစာပေလောကတွင်ရီရယ်လစ်ဇင်၊ မော်ဒန်၊ ပိုစ့်မော်ဒန်၊ ဖြစ်တည်မှုပဓာနဝါဒ၊ အဆောက်အအုံဝါဒ စသဖြင့် အယူအဆ အမျိုးမျိုးရှိကြတဲ့အနက် မက်ဂျစ်ကယ်ရီရယ်လစ်ဇင်မှာလည်း စာပေအယူအဆတစ်မျိုးအဖြစ် ပါရှိပါသည်။ ယခုစာအုပ်သည် မက်ဂျစ်ကယ်ရီရယ်လစ်ဇင်အကြောင်းကို ချဉ်းကပ်လေ့လာတင်ပြထားသည့်စာအုပ်တစ်အုပ်ဖြစ်ပါသည်။ "ဒီ စာအုပ်မှာ မက်ဂျစ်ကယ်ရီယာယ်လစ်ဇင်ရေးဟန်ထက် အဲဒီလိုအရေးအသားနောက်ကွယ်က တွေးခေါ်မြော်မြင်ပုံကို အလေးပေးထားပါတယ်၊ ပုံသဏ္ဍာန်ပိုင်းဆိုင်ရာမှာ ထူးခြားဆန်းကြယ်မှုတွေနဲ့ ဖန်တီးတတ်တဲ့ မက်ဂျစ်ကယ်ရီရယ်လစ်ဇင်သဘောတရားကို တင်ပြရင်း သူ့ရဲ့နောက်ကွယ်က ယဉ်ကျေးမှု၊ သမိုင်းအစဉ်အလာတွေအတွင်းကနေ အနုပညာပုံသဏ္ဍာန် တစ်ရပ်ကို ဘယ်လိုဖန်တီး တည်ဆောက်သလဲဆိုတာကို ထုတ်ဖော်ကြည့်ဖို့ ရည်ရွယ်ရေးသားပါတယ်"လို့ အမှာစာမှာ ဖော်ပြထားပါတယ်။

"လျှို့ဝှက်ဆန်းကြယ်မှု(ဝါ) မက်ဂျစ်ကယ်နဲ့ အရှိတရားနှစ်ခု ကွဲပြားခြားနားချက်ကို ဘယ်လိုတိုက်စား သွားသလဲဆိုတာနဲ့ ပတ်သက်တဲ့ ချဉ်းကပ်တင်ပြပုံနှစ်ခုရှိတယ်။ပထမတစ်ခုကမက်ဂျစ်ကယ်ရီရယ်လစ်ဇင်မှာ အပြန်အလှန်ဖြိုဖျက်ခြင်းသဘောရှိတယ်။ အကြောင်းက သူကတူညီတဲ့ ဇာတ်ပြောအသံကို သုံးစွဲရင်းအရှိ တရားအဖြစ်သာ ရှိနေမယ်။ သူတို့နှစ်ခုကို တူညီတဲ့ ဇာတ်ပြောလေသံနဲ့ တစ်လှည့်စီ ဖော်ပြနေခြင်းသာလျှင်ဖြစ်တယ်။ ဒါပေမယ့် သရုပ်မှန်တွေမှာတွေ့ရတဲ့ ဇာတ်ပြောအဆောက်အအုံနဲ့ မတူတာကနှစ်ခုလုံးကို အရေးတကြီး ဖော်ပြနေဟန်နဲ့ တလှည့်စီဖော်ပြနေတာပဲ။ ဒါကြောင့် ဘာဖြစ်လာသလဲဆိုရင် စာဖတ်သူဟာ တကယ့်အရှိတရားကိုဖော်ပြနေတဲ့အပိုင်းကို လက်ခံထားပေးမယ်ဆိုရင် ကျန်တစ်ခုကနေတော့ ကိုယ်လက်ခံပေးထားတဲ့ တည်ရှိမှုကို အမြဲတိုက်စားနေမှာ ဖြစ်တယ်။ ဒါကြောင့် မက်ဂျစ်ကယ်ရီရယ်လစ်ဇင်မှာ အပြန်အလှန်ဖြိုဖျက်ခြင်းသဘော ရှိတယ်လို့ ဆိုတာ။

နောက်ထပ်ချဉ်းကပ်ပုံတစ်ခုကတော့ မက်ဂျစ်ကယ်ရီရယ်လစ်ဇင်မှာ ကျူးလွန်ချိုးဖောက်ခြင်း သဘောရှိတယ်ဆိုတဲ့အမြင်ပဲ။ ကျူးလွန်ချိုးဖောက်ခြင်းဆိုတာက မက်ဂျစ်ကယ်ရီရယ်လစ်ဇင်မှာ လျှို့ဝှက် ဆန်းကြယ်မှုနဲ့အရှိတရားနယ်နိမိတ် ကန့်သတ်နှစ်ခုလုံးကို ဖြိုချလိုက်တာမျိုးပဲ။ (စာ - ၃၇မှ)

## မြစ်ကြီးနားမြို့ကုန်စည်ဈေးနှုန်း

( စည်ပင်သာယာမှ ကောက်ယူထားသောဈေးနှုန်း)

| ကုန်စည်အမည် | ဈေးနှုန်း |
|---|---|
| ဆန်မွှေး | ၂၂၀၀ ကျပ် |
| ခတ်ချို (၁ပြည်) | ၂၂၀၀ကျပ် |
| ချင်းသုံး (၁ပြည်) | ၁၆၀၀ ကျပ် |
| ပေါ်ဆန်းမွှေး (၁ပြည်) | ၂၈၀၀ ကျပ် |
| လုံးသွယ်မွှေး (၁ပြည်) | ၂၂၀၀ကျပ် |
| စောရှုတ် (၁ပြည်) | ၂၀၀၀ ကျပ် |
| ကုလားကြီး (၁ပြည်) | ၁၃၀၀ ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၇၀၀၀/၁၄၀၀၀ကျပ် |
| ငါး(ငါးမြစ်ချင်း) | ၄၅၀၀ကျပ် |
| ငါးတန် (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ငါးခူ (၁ပိဿာ) | ၄၀၀၀ ကျပ် |
| ငါးကြင်း (၁ပိဿာ) | ၆၀၀၀ ကျပ် |
| ပုဇွန် အကြီး (၁ပိဿာ) | ၂၄၀၀၀ ကျပ် |
| ပုဇွန် အသေး (၁ပိဿာ) | ၂၀၀၀၀ ကျပ် |
| ပုဇွန် ငါးပိ (၁ပိဿာ) | ၁၅၀၀ ကျပ် |
| ကင်းမွန် (၁ပိဿာ) | ၁၆၀၀၀ ကျပ် |
| အိမ်ကြက် (၁ပိဿာ) | ၁၁၀၀၀ကျပ် |
| ရိုးရိုးကြက် (၁ပိဿာ) | ၅၀၀၀ကျပ် |
| ဝက်သား (၁ပိဿာ) | ၁၂၀၀၀ကျပ် |
| ခရမ်းချဉ်သီး | ၂၀၀၀ကျပ် |
| မြန်မာအာလူး | ၁၀၀၀ကျပ် |
| တရုတ်အာလူး (၁ပိဿာ) | ၁၀၀၀ ကျပ် |
| ကုလားပဲ (၁ပိဿာ) | ၂၅၀၀ကျပ် |
| ပဲစဉ်းငုံ (၁ပိဿာ) | ၂၀၀၀ ကျပ် |
| မတ်ပဲ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ကြက်ဥ | ၁၅၀ကျပ် |
| ဘဲဥ | ၂၀၀ကျပ် |
| မြေပဲဆံ ၁ပိဿာ | ၃၃၀၀ ကျပ် |
| ကြက်သွန်နီ | ၁၈၀၀ကျပ် |
| ကြက်သွန်ဖြူ ဗမာ/တရုတ် | ၂၅၀၀ /၁၃၀၀ကျပ် |
| ငရုတ်သီးစိမ်း ၁ပြည်/ပိဿာ | ၁၅၀၀/၂၅၀၀ကျပ် |
| ငရုတ်ခြောက်ရှည် (၁ပိဿာ) | ၆၀၀၀ ကျပ် |
| ငရုပ်ပွခြောက် | ၈၀၀၀ ကျပ် |
| ချင်း | ၂၀၀၀ကျပ် |
| စားအုန်းဆီ (၁ပိဿာ) | ၂၀၀၀ ကျပ် |
| မုန်ညင်းဆီ (၁ပိဿာ) | ၂၅၀၀ ကျပ် |
| ပဲဆီ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| အိုင်အိုဒင်းဆား (၁ထုပ်) | ၂၀၀ ကျပ် |
| ရွှေဝါဆပ်ပြာ (၁တောင့်) | ၃၀၀ ကျပ် |




ပြီးခဲ့တဲ့လက မြစ်ကြီးနားမှာ ကလေးစာပေပွဲတော်ကျင်းပသွားခဲ့တယ်။ ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးဗဟိုဌာန၊ မြစ်ကြီးနားခရိုင်ရုံးနဲ့ စာပေပြန်ကြားရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်ကြတာပါ။ မြစ်ကြီးနားမြို့မှာရှိတဲ့ အ. ထ. က (၉)မှာ စာပေဟောပြောပွဲလည်း လုပ်တယ်။ ကျောင်းရှေ့ပလက်ဖောင်းပေါ်မှာ စာအုပ်ဆိုင်တွေ ဖွင့်တယ်။ ကလေးစာပေတွေအပြင် ရှားပါးစာအုပ်တွေပါ ရောင်းချတာ တွေ့ရတယ်။

ခုခေတ်ကလေးတွေ စာမဖတ်ကြတော့ဘူးလို့ ပြောနေကြတဲ့လူတချို့ကို စာဖတ်ချင်လို့ စာအုပ်အရောင်းဆိုင်တွေရှေ့မှာတိုးဝှေ့နေကြတဲ့ကလေးတွေကို မြင်စမ်းစေ့ချင်တယ်။

တကယ်တော့ကလေးတွေမှာ အပြစ်မရှိပါဘူး။ ကလေးတွေက စာဖတ်ချင်ကြတယ်။ လူကြီးတွေက ကလေးတွေ စာဖတ်ဖို့ပတ်ဝန်းကျင်ကောင်းတစ်ခုကို မဖန်တီးနိုင်ကြလို့ ဖြစ်ပါတယ်။ အဲဒီလို မြင်မိတယ်။

**ဝယ်လိုက်ကြတဲ့ စာအုပ်တွေ**

အဲ့ဒီ စာအုပ်အရောင်းပွဲတော်က အ. ထ. က(၉)နဲ့ အ. ထ. က(၁)ကြားမှာရှိတဲ့ လမ်းမကြီးဘေး ပလက်ဖောင်းဘေးမှာ ရှိတာ။ မနက် ကျောင်းလာကြတဲ့ ကလေးတွေက ပုံပြင်စာအုပ်တွေ၊ ဇာတ်ကြီးဆယ်ဘွဲ့ စာအုပ်တွေကို အလုအယက်တိုးဝှေ့ဝယ်နေကြတာ။ ကြိုက်ရာယူ ၅၀၀ ဆိုတော့ သူတို့မုန့်ဖိုးလေးတွေနဲ့ ပျော်ပျော်ကြီး ဝယ်နေကြတာ။ ပူတူးတူးလေးတို့၊ ရုပ်ပြတို့လည်း ဝယ်နေကြတာ တွေ့ရတယ်။ အပတ်စဉ်ရွှေသွေးတွေကိုလည်း စုစည်းပြီး ပေါင်းချုပ်ရောင်းနေကြတာ။ ဒါတွေလည်းကလေးတွေ ဝယ်ဖတ်တာပဲ။

မုန့်စားဆင်းချိန်မှာလည်း ကလေးတွေက သူတို့မုန့်ဖိုးလေးတွေနဲ့ လာဝယ်ကြတယ်။ နေ့လည် ထမင်းစားချိန်ဆိုလည်း နေ့လယ်ထမင်းစားချိန်ဆိုလည်း နေ့လယ်ကျောင်းတက်ခေါင်းလောင်းထိုးသံ မကြားမချင်း စာအုပ်အရောင်းဆိုင်တွေရှေ့ တဝဲလည်လည်ပ။

ကြိုက်တာယူ ၁၀၀၀ ဆိုပြီး စာအုပ်အဟောင်းတွေကို သီးသန့်ရောင်းကြတာလည်း တွေ့ရတယ်။ ဆရာ ညီပုလေးတို့၊ ဆရာမခင်ခင်ထူးတို့လို သူတို့ရဲ့ စာအုပ်အထူကြီးတွေကိုလည်း စိတ်ဝင်တစားနဲ့ ဝယ်ဖတ်ကြတဲ့ လူငယ်စာဖတ်သူတွေကိုလည်း တွေ့ရတာပဲ။

**စာဖတ်ပုံ ပြောင်းလာပုံရတယ်**

လူငယ်တွေဟာ စာဖတ်ပုံ ပြောင်းလဲလာကြပုံ ရတယ်။ ဟိုအရင်က အပျော်ဖတ်စာပေတွေလို့ သတ်မှတ်ခဲ့ကြတဲ့ စာအုပ်တွေကို လူငယ်တွေ သိပ်မဖတ်ကြ၊ သိပ်မဝယ်ကြတော့ဘူး။ နိုင်ငံရေးစာပေတွေ၊ ဝတ္ထုတိုစာအုပ်တွေကို တကူးတကရှာမေး၊ ရှာဖတ်လာကြတာ။ ဟိုးအရင်ခေတ်တွေကလို အငှားဆိုင်စနစ်ကလည်း ပျောက်ကွယ်လာခဲ့တော့ လူငယ်တွေက စာအုပ်တွေကို ငှားဖတ်ကြတာထက် ကိုယ်တိုင်ဝယ်ဖတ်လာကြတာကို တွေ့ရတာပဲ။ တကယ်ကောင်းတဲ့ စာအုပ်တွေကို လူငယ်တွေ တကယ်ဖတ်ကြတာအမှန်ပဲ။ စာရေးတဲ့သူတွေကလည်း ကိုယ်ရေးတဲ့စာအုပ်ကို၊ ကိုယ့်စာပေကို အဆင့်အတန်းတစ်ခုထိ ရောက်အောင် အားထုတ်ရေးကြဖို့လည်း တာဝန်ရှိတယ်။

**မပြောင်းလဲတဲ့ မိဘတွေ**

ဟိုတလောက စာအုပ်ဆိုင်တစ်ဆိုင်ကိုရောက်သွားတယ်။ ကလေးက မူလတန်းကလေးတစ်ယောက်ပါ။ သူ့မိဘနဲ့အတူ စာအုပ်ဆိုင်ဘက်ရောက်လာတာ။ ကျောင်းသုံးဗလာစာအုပ်တွေ၊ စာရေးကိရိယာတွေ လာဝယ်ကြပုံရတယ်။ အဖေလုပ်တဲ့သူက ဗလာစာအုပ်တွေ ရွေးချယ်နေချိန်မှာ အဲ့ဒီကလေးလေးကပုံပြင်တွေ၊ ရုပ်ပြတွေထားတဲ့ စာအုပ်စင်နားသွားပြီး စာအုပ်တွေ လှန်ကြည့်နေတယ်။ စိတ်ဝင်တစားနဲ့။ စိန်ကြည့်သလို၊ ကျောက်ကြည့်သလို အဲ့ဒီကလေးရဲ့ မျက်လုံးတွေ တောက်ပနေကြတယ်။

သူ့အဖေဖြစ်တဲ့သူကဗလာစာအုပ်တွေဝယ်ပြီးတဲ့အချိန်ရောက်တော့ပြန်ဖို့အဲ့ဒီကလေးကို ခေါ်တာပေါ့။ အဲ့ဒီကလေးက ပုံပြင်စာအုပ်တစ်အုပ်လောက်ဝယ်ပေးဖို့ပြောတယ်။ ဒါပေမဲ့ အဖေဖြစ်တဲ့လူက “အလုပ်မဟုတ်တာ မလုပ်နဲ့ စာပဲကျက်၊ လာ သွားမယ်”ဆိုပြီး မကောင်းမှုပြုလုပ်နေတဲ့ သားငယ်ကို ခေါ်သွားသလိုမျိုး မြည်တွန်တောက်တီးပြီး ခေါ်သွားတာ တွေ့ရတယ်။

အဲ့ဒီကလေးလေးလည်း မပျော်မရွှင်မျက်နှာလေးနဲ့ သူ့ဖခင်ခေါ်ရာနောက် ပါသွားရတော့တယ်။

ဒီလို မိဘတွေလည်း ပတ်ဝန်းကျင်မှာ ရှိနေသေးတာပဲ။

**အမြင်ကျဉ်းနေကြတုန်း**

ကလေးတွေ ကျောင်းပြင်ပစာအုပ်တွေ ဖတ်နေကြတဲ့အခါ ကလေးတွေကို အပြစ်တစ်ခုလို့ ထင်မှတ်နေကြတဲ့ သူတွေကလည်း ရှိနေကြသေးတယ်။ ကလေးတွေစာဖတ်တာကို တားမြစ်တတ်ကြတယ်။ ကျောင်းစာတစ်ခုကိုသာ စာလို့သတ်မှတ်၊ ကျောင်းစာတစ်ခုကိုသာ ဘဝလို့ ယူဆပြီး ကြက်တူရွေးဖြစ်အောင် ဖိအားပေးနေကြတဲ့ မိဘတွေရဲ့ အမြင်ကကျဉ်းမြောင်းနေကြတုန်းပဲ။

ကလေးတွေ စာအုပ်ဖတ်နေရင် ကိုယ့်အလုပ်ကိုယ်လုပ်ဆိုပြီး တားမြစ်ကြတာ များတယ်။ ဆယ်တန်းကျောင်းသားတစ်ယောက် ပြင်ပစာအုပ်ဖတ်နေရင် လူပျင်းအလုပ်တွေ လုပ်နေတယ်လို့ ယူဆပြောဆိုနေကြတာ များတယ်။

အိမ်သားတစ်ယောက် စာအုပ်ဖတ်နေတာတွေ့ရင် မိန်းမပျင်း၊ ယောကျာ်းပျင်းလို့ တွေးထင်နေကြတာ များတယ်။ ဒါတွေကို ပြောင်းလဲကြဖို့ လိုတယ်။

ဆရာမကြီး လူထုဒေါ်အမာက ပြောဖူးတယ်။ “စာများများဖတ်တဲ့ လူမျိုးမှ အတွေးအခေါ် အထက်တန်းကျပါတယ်” တဲ့။ တိုင်းပြည်နဲ့လူမျိုး အထက်တန်းကျချင်ရင်တော့ စာများများဖတ်ဖို့ လိုတာပေါ့။ မဟုတ်ရင်တော့ အောက်တန်းကျသွားနိုင်တယ်။ ဒီတော့ မိဘတွေကလည်း အမြင်တွေ ပြောင်းလဲပြီး ကလေးတွေအတွက် စာအုပ်စာပေတွေရှိတဲ့ ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးဖို့ လိုတယ်။

**ဖုန်းကျတော့ ကိုင်စေ**

စာအုပ်ကျတော့ မဖတ်နဲ့

ခုခေတ် ကလေးတိုင်း ဖုန်းနဲ့ တရင်းတနှီးရှိကြတယ်။ မိဘတွေကလည်း ခွင့်ပြုထားတတ်ကြတယ်။ ကိုယ့်အလုပ် မပျက်ကြဖို့ ကလေးကို ဖုန်းပေးထားတယ်။ ဂိမ်းတွေဆော့ကြတယ်။ ဘယ်ဂိမ်းကို ကလေးက ဘယ်လိုဖွင့်တတ်တာ၊ ဘယ်လိုဆော့တတ်ကြတာဆိုပြီး ဂုဏ်ယူပြောဆိုတတ်ကြတယ်။ နည်းပညာပေါက်ကွဲမှု ရေစီးထဲမှာ ကလေးတွေရော၊ လူကြီးတွေပါ ရောပြွမ်းစီးမျောသွားခဲ့ကြတယ်။

လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)မှာ ပြုလုပ်ခဲ့တဲ့ စကားဝိုင်းမှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့တဲ့စကားသိပ်သဘောကျတာပဲ။

“အခု ကလေးတွေက ဆဲလ်ဖုန်းလေးတစ်ခုရှိတယ်။ ဘာတွေကြည့်နေလဲဆိုတာ ဘယ်မိဘက အားလုံးသိနိုင်မလဲ။ တစ်ချိန်လုံး ကြည့်နေနိုင်တာမှ မဟုတ်တာ။ ဘာဂိမ်းတွေဆော့နေတယ်။ ဘယ်လို ပရိုဂရမ်တွေ ကြည့်နေတယ်ဆိုတာ မိဘက သိနိုင်ဖို့ ၂၄ နာရီ ကလေးဘေးမှာ နေမှသိမယ်။ အဲ့ဒါမျိုးက မဖြစ်နိုင်ဘူး။ ဒါကလည်း ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်အတွက် ဒီကိစ္စတွေကို ဘယ်လိုရှောင်မလဲ။ အများကြီး စဉ်းစားရပါတယ်။ ဒီဟာကိုင်ပြီးမသိသင့်တာတွေလည်း အရွယ်မရောက်သေးခင် သိလာတာတွေ ရှိတယ်။ အဲဒီအထဲမှာ အကြမ်းဖက်မှုတို့၊ လိင်ချိုးဖောက်မှုတို့ မကောင်းတာတွေလည်း အများကြီး တတ်လာကြတယ်။ အဲဒီကနေပြီးတော့ အကျင့်စာရိတ္တပျက်သွားတာတွေလည်း ရှိတယ်။ ဒါတွေကို ကျွန်မတို့ ဘယ်လိုထိန်းချုပ်မလဲ။ ခေတ်ကြီးက ပြောင်းလဲလာတာနဲ့အမျှ စိန်ခေါ်မှုတွေကလည်း ပြောင်းလဲလာတယ်။ ကျွန်မတို့နိုင်ငံက ဖွံ့ဖြိုးတိုးတက်စ နိုင်ငံဆိုတော့ အားလုံးဝိုင်းရုန်းမှ ဖြစ်မယ်”တဲ့။

**အားလုံးရုန်း**

ကလေးတွေနဲ့ စာအုပ်တွေ ရင်းနှီးနေအောင် အားလုံးဝိုင်းရုန်းကြမှဖြစ်ပါမယ်။


အရာရာ အစိုးရချည်းပဲတော့အားကိုးလို့မရတာ အမှန်ပဲ။

ပြည်သူလူထုကပါဝိုင်းရုန်းကြဖို့ လိုတယ်။

တကယ်တော့ကလေးတွေက စာဖတ်ချင်ကြတယ်။

လူကြီးတွေက ကလေးတွေကို စာအုပ်တွေနဲ့ ဝေးမနေအောင် ပြုပြင်ပြောင်းလဲကြဖို့ လိုတယ်။

စာအုပ်တွေဟာကျွန်တော်တို့ရဲ့မိတ်ဆွေဆိုတာ သိအောင် လူကြီးတွေမှာ တာဝန်ရှိပါတယ်။



# အချိန် နှင့် နေရာ

ဂျိုဇင်ကျော် ၊ဥက္ကာကော်၊



"ကမ္ဘာကြီးဟာ မောက်စ်ကလစ်တစ်ချက်အနှိပ်မှာရှိနေတယ်" (The World is at a click of a mouse)လို့ ပြောကြပါတယ်။ အရာအားလုံးဟာ ကွန်ပျူတာဖြစ်သွားပြီ။ လက်မှုကနေ စက်မှု၊ စက်မှုကနေ ဒီဂျစ်တယ်ခေတ်ဖြစ်သွားပြီ။ ပိုပြီးမြန်ဆန်တဲ့သူက အမြတ်အစွန်းကို ပိုမိုရရှိနိုင်မယ်ဆိုတဲ့ခေတ်ကြီးကို ရောက်ရှိလို့ နေပါပြီ။ ဒီခေတ်ကြီးမှာ အချိန်နဲ့နေရာ (Time and Place) ဆိုတာကို လူတွေ အံ့တုနိုင်သလောက် အံ့တုနိုင်ခဲ့ကြပါပြီ။ ဒါပေမယ့် မြန်ဆန်ခြင်း ( fast or speed) ဟာ လူတိုင်းအတွက်တော့မိတ်ဆွေမဖြစ်သေးတာကို တွေ့နေရဆဲဖြစ်ပါတယ်။ ဒီအချက်ကို မူတည်ပြီး အချိန်နဲ့နေရာဟာ ဆင်းရဲသားလူတန်းစားအတွက် တစ်နေ့တခြား ရန်သူဖြစ်လာနေတာကို တင်ပြသွားချင်ပါတယ်။

ခပ်သုတ်သုတ် ပြေးနေတဲ့ကမ္ဘာကြီးမှာ ဆိုက္ကား၊ နွားလှည်း၊ အထမ်းသမား၊ သမားရိုးကျတံငါသည်များ၊ စိုက်ပျိုးရေးသမားများ၊ လက်မှုလုပ်သားများ ရပ်တည်ဖို့ရန် အင်မတန်ခက်ခဲလို့လာနေပါပြီ။ သူတို့ရဲ့ ဘဝတွေဟာ ယခင်ကထက် ပိုမိုကြမ်းတမ်းလာပြီး သူတို့ရဲ့တဲငယ်တွေဟာ တိုးချဲ့လာတဲ့လမ်းတွေ၊ စက်မှုဇုံနယ်မြေတွေ၊ အိမ်ယာတွေကြားမှာ တဖြုတ်ဖြုတ် ပျောက်ကွယ်လို့ လာနေပါပြီ။

မြန်ဆန်ခြင်းဆိုတာ အချိန်ကိုချွေတာခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် ဈေးကွက်အပြိုင်အဆိုင် ဖြစ်ထွန်းလာတဲ့အခါ မြန်ဆန်ခြင်းဟာ အချိန်ကာလဆိုတာကို သဘာဝတရားနဲ့ဆန့်ကျင်ဘက် ဖြစ်လာစေပါတယ်။ ဥပမာ မွေးမြူရေး ဥစားကြက်တွေဟာ တစ်နေ့မှာ နှစ်ကြိမ် ဥဥကြပြီး အသားစားကြက်တွေကတော့ ၄၅ ရက်သားနဲ့ ပိဿာချိန်ကြက်တွေဖြစ်လာတာမျိုးပါ။ ဝယ်လိုအားများလေလေ ဈေးကွက်တိုးချဲ့လာလေလေ၊ ဈေးကွက်တိုးချဲ့လာလေလေ ထုတ်ကုန်လိုအပ်ချက်က များလာလေလေ၊ ထုတ်ကုန်လိုအပ်ချက်က များလာလေလေ မြန်ဆန်ခြင်းက ပိုမိုအရေးပါလာလေလေ၊ ထုတ်ကုန်လိုအပ်ချက်နဲ့ မြန်ဆန်ခြင်းက ပိုမိုအရေးပါလာတာနဲ့အမျှ မြေနေရာလိုအပ်မှုကလည်း ပိုမိုကြီးကျယ်ခမ်းနားလာတာပါပဲ။ နေ့အချိန်ဟာ အလုပ်လုပ်ဖို့ဖြစ်ပေမယ့်အက်ဒီဆင်ရဲ့ကျေးဇူးကြောင့် ညအချိန်လည်း နေ့ခင်းလို အလုပ်လုပ်နိုင်လာကြတယ်။ အကွာအဝေးဆိုတာဟာ အချိန်ယူဖြတ်သန်းကြရမှာ ဖြစ်ပေမယ့် လူတွေတီထွင်တဲ့ ယာဉ်တွေဟာ မိုင်တွေကို ဖြတ်တောက်လာနိုင်ခဲ့တယ်။ အထူးသဖြင့် အရင်းရှင်ကြီးတွေအတွက် အချိန်နဲ့နေရာဆိုတာကို ငွေကြေးနဲ့ အံ့တုဖြိုဖျက်လာနိုင်ကြပါတော့တယ်။ အချိန်ဆိုတာကို မြန်သထက်မြန်အောင် ဖြတ်သန်းစေပြီး နေရာဆိုတာကို တိုးချဲ့နိုင်သလောက် တိုးချဲ့လာခဲ့ကြပါတော့တယ်။

ဒါ့ကြောင့် ငွေကြေးလက်ဝယ် ပိုင်ဆိုင်ကြသူတွေ ပြောနေကြတဲ့ အချိန်(မြန်ဆန်ခြင်း) နဲ့နေရာ(မြေနေရာတိုးချဲ့ခြင်း)ဟာဆင်းရဲသားလူတန်းစားအတွက် နားကြား ခါးစေတဲ့အရာဖြစ်လာတယ်။ ငွေကြေးလက်ဝယ်ပိုင်ဆိုင်သူတို့အတွက် မြန်ဆန်ခြင်းနဲ့ မြေတိုးချဲ့ခြင်းဟာ သူတို့ကို အကျိုးအမြတ် ပိုမိုဖြစ်ထွန်းစေပါတယ်။ ဒါပေမယ့် မြန်ဆန်ခြင်းက ဆင်းရဲသားလူတန်းစားတွေရဲ့ ဘဝကိုရောက်လာတဲ့အခါ သူတို့အတွက် နာရက်တွေ ပျောက်ဆုံးသွားတယ်။ မိသားစုနဲ့ ထမင်းလက်ဆုံကျဖို့ မဖြစ်နိုင်တော့ဘူး။ ပန်းခြံဆိုတာ အလုပ်ကိုသွားရင်း ဘတ်စ်ကားပေါ်က ကြည့် - ဖြတ် သွားရတဲ့ နေရာဖြစ်လာတယ်။ ငွေကြေးပိုင်ဆိုင်သူတွေရဲ့ နေရာ(မြေတိုးချဲ့ခြင်း)က ဆင်းရဲသားတွေရဲ့ဘဝထဲကို ရောက်လာတဲ့အခါ သူတို့ ရပ်ကွက်ထဲ မြေထိုးစက်၊မြေကော်စက်တွေရောက်လာပါတော့တယ်။

နံပါတ်တုတ် ကိုယ်စီနဲ့ လက်ပတ်နီအုပ်စုဟာ ကျူးကျော်ရပ်ကွက်လို့ သတ်မှတ်ခံရတဲ့ တဲငယ်တွေဆီ ညသန်းခေါင် လူခြေတိတ်ချိန်မှာ ရောက်ရှိလာတော့တာပါပဲ။ ပြီးတော့ မြန်ဆန်ခြင်းက သဘာဝအရ ဖြစ်ပျက်တရားကို စိတ်ရှည် စာနာမှုမရှိပါဘူး။ ဥပမာ မြန်ဆန်ခြင်းက တစ်နှစ်တစ်သီး စားကို လက်မခံနိုင်ပါဘူး။ မွေးမြူရေး ကြက်တွေ၊ ဝက်တွေဆိုတာ မြန်ဆန်ခြင်းရဲ့သားကောင် ဖြစ်ပါတယ်။ သဘာဝအရ မျိုးပွားခြင်း၊ ကြီးထွားခြင်းဆိုတာကို မြန်ဆန်ခြင်းက မစောင့်ဆိုင်းနိုင်ပါဘူး။ ဒါ့ကြောင့် သဘာဝအတိုင်းမဟုတ်တဲ့ မျိုးပွားခြင်း၊ ကြီးထွားခြင်းကို တီထွင်ကြံဆလာကြတယ်။ သိပ္ပံပညာရှင်တွေ သိပ်တော်ကြပါတယ်။ သူတို့ရဲ့ တီထွင်မှု အောင်မြင်ပါတယ်။ ကြက်တွေ၊ဝက်တွေဟာ ဓါတ်စာတွေနဲ့ ကြီးထွားမှုနှုန်း မြန်ဆန်လာကြတယ်။ နွားတွေဟာ နွားနို့ထွက်နှုန်း ပိုများလာကြပါတယ်။

စိုက်ပျိုးရေးဘက်မှာကြည့်ရင်မျိုးတုန်းမျိုးစေ့(Terminator Seed)ဟာ အဖိနှိပ်ခံဆင်းရဲသားလူတန်းစားကို အရင်းရှင်ရဲ့ ကျွန်ဘဝကို ရောက်သွားစေတဲ့ တီထွင်မှု ဖြစ်ပါတယ်။ သူတို့ရဲ့ မျိုးတုန်းမျိုးစေ့ဟာ ကြီးထွားလာဖို့ ဓါတ်မြေဩဇာတွေကိုလိုင်လိုင်အသုံးပြုရတာကြောင့် မြေတွေကို ပျက်စီးစေသလို လူတွေကိုလည်း မျိုးစေ့ထုတ်လုပ်နိုင်တဲ့ သူဌေးသူကြွယ်တွေအပေါ် လုံးဝမှီခိုနေဖို့ဖြစ်စေပါတယ်။ ကြွယ်ဝသူတို့ရဲ့ ဈေးကွက်လိုအင်ကြောင့် ဖြစ်ပေါ်လာတဲ့ မြန်ဆန်ခြင်းနဲ့ မြေတိုးချဲ့ခြင်းကြောင့် ဆင်းရဲသားလူတန်းစားတွေဟာ သူတို့ရဲ့ မြေတွေကို ဆုံးရှုံးနေကြရပါတယ်။ ဒါ့ကြောင့် ဆင်းရဲသားလူတန်းစားအတွက် အချိန်(မြန်ဆန်ခြင်း)၊ နေရာ(တိုးချဲ့ခြင်း)ဟာ ရန်သူသဖွယ် ဖြစ်လာပါတော့တယ်။

တကယ်တော့ အဖိနှိပ်ခံဆင်းရဲသားတို့ရဲ့ ဘဝရပ်တည်မှုမှာအချိန်နဲ့နေရာဆိုတာ သိပ်ပြီး အရေးတကြီး ထည့်သွင်းစဉ်းစားပြောဆိုခဲ့တာ မရှိပါဘူး။ အချိန်ဆိုတာဟာ ရာသီဥတုအပေါ်မှာသာ မူတည်နေပါတယ်။ ဘယ်အချိန် ထွန်ယက်မယ်၊ ဘယ်အချိန် ပျိုးကြမယ်၊ ဘယ်အချိန်မှာ ရိတ်သိမ်းကြမယ်ဆိုတာကို ရာသီဥတုကပဲ အချက်ပေးပါတယ်။ သူတို့တတွေရဲ့ မြန်ဆန်ခြင်းဆိုတာ ရာသီဥတုက သတ်မှတ်ထားတဲ့ အချိန်ကာလအတွင်းမှာ လှုပ်ရှားခြင်းသာဖြစ်ပြီး ပိုမိုကြွယ်ဝလိုခြင်း၊ လက်ဝါးကြီးအုပ်လိုခြင်း သဘောမျိုးကို မတွေ့ရပါဘူး။ မြေနေရာဆိုတာကလည်း မိမိတို့ ဘိုးဘေးပိုင်မြေသည်သာ သူတို့ရဲ့မွေးဖွားရာ၊ ခေါင်းချရာဖြစ်ပါတယ်။ ဒါပေမယ့် အာဏာရှင်၊ ခရိုနီ၊အရင်းရှင်တို့နဲ့ထိပ်တိုက်တွေ့လာကြတဲ့အခါမှာတော့ သူတို့ဟာ မြန်ဆန်ခြင်းနဲ့ မြေတိုးချဲ့ခြင်းရဲ့ ကျေးကျွန်တွေဖြစ်လာခဲ့ကြတော့တယ်။ နားချိန်၊ အားလပ်ရက်၊ ဘိုးဘွားပိုင်မြေဆိုတာတွေဟာမြန်ဆန်ခြင်းနဲ့ မြေတိုးချဲ့ခြင်းရဲ့ ဝါးမျိုမှုကိုခံခဲ့ကြရပြီး နားချိန်နဲ့ နေစရာမရှိတော့တဲ့ အောက်ခြေဆင်းရဲသားတွေဟာ နောက်ဆုံးမှာတော့ လမ်းပေါ်ထွက်လာရတော့တဲ့ အခြေအနေအထိ ဖြစ်သွားတတ်ကြပါတယ်။ ဆင်းရဲသားတွေအတွက် အချိန်မြန်ဆန်ခြင်းဆိုတာ ဝန်ဆောင်မှုသာ ဖြစ်စေပြီး မြေနေရာဆိုတာ ကာကွယ်မှုအပြည့်အဝ ရရှိခြင်းသာ ဖြစ်စေဖို့ ဆန္ဒပြုပါတယ်ခင်ဗျာ။







# တစ်မီတာ ကျပ် ၂၅၀ ကောက်မည့် ရှင်ဗွေယန်ရေအားလျှပ်စစ်ကို ဒေသခံများကန့်ကွက်

အောက်တိုဘာ ၂၃

တနိုင်းမြို့နယ်၊ ရှင်ဗွေယန်မြို့နယ်ခွဲတွင် တဝါးခချောင်းမှရရှိသည့် ရေအားလျှပ်စစ်ကို တစ်ယူနစ်လျှင် ၂၅၀ ကျပ်ဖြင့် ဖြန့်ဖြူးမည့်ကိစ္စကို ဒေသခံပြည်သူများက အလိုမတူ၍ ကန့်ကွက်နေကြကြောင်း သိရသည်။

ထိုရေအားလျှပ်စစ်ကို အများပိုင်ကုမ္ပဏီက တာဝန်ယူ၍ ဖြန့်ဖြူးရန် စီစဉ်နေခြင်းဖြစ်ကြောင်းသိရပြီး ဒေသခံများကမူ စီးပွားရေးအကျပ်အတည်းကြောင့် နန်းယွန်းမြို့တွင် ရောင်းချပေးနေသည့် အစိုးရဈေးနှုန်း တစ်ယူနစ်လျှင် ၃၅ ကျပ်ဖြင့်သာ ရရှိလိုသည်ဟု တောင်းဆိုနေကြသည်။

"ပယင်းလည်း တူးခွင့်မရှိ၊ ရွှေလည်း ကျင်ခွင့်မရှိဆိုတော့ တကယ် အရမ်းခက်ခဲနေတာ။ မီတာခက သူတို့သတ်မှတ်တဲ့ နှုန်းထားအတိုင်းဆိုရင် ဘယ်လိုမှမတတ်နိုင်ဘူး။ မီးကတော့ အိမ်တိုင်းလိုချင်ကြတယ်။ ၃၅ ကျပ်ဆိုရင်တော့ အားလုံးတတ်နိုင်တဲ့ အနေအထားမှာရှိတယ်လို့ တောင်းဆိုကြတယ်"ဟု ရှင်ဗွေယန်ဒေသခံ အမျိုးသားတစ်ဦးက ပြောသည်။

ယခင်က ရွှေကျင်၊ ပယင်းတူးသူများ ရှိသည့်အတွက် စီးပွားရေး အဆင်ပြေခဲ့ကြသော်လည်း လွန်ခဲ့သည့် နှစ်နှစ်ကျော်မှ စတင်ကာ ဈေးရောင်း၍ အဆင်မပြေသည့်အပြင် တောင်ယာလည်းလုပ်ကိုင်နိုင်ခြင်းမရှိသည့်အတွက် ကုမ္ပဏီက ကောက်ခံမည့် မီတာခနှုန်းထားကိုပေးဆောင်နိုင်မည်မဟုတ်ဟုလည်း ဒေသခံများက ပြောသည်။

"အရင်အစိုးရလက်ထက်ကလုပ်ခဲ့တဲ့စက်ရုံဟုတ်တယ်။ လွှတ်တော်မှာ လေးကြိမ်အထိ တင်ပြဖူးတယ်။ အဆင်မပြေတာနဲ့ သမ္မတရုံးကို စာပြန်တင်ခဲ့တယ်။ အဲဒီနောက်ပိုင်းမှ လျှပ်စစ်ဓာတ်အားက လည်လာတယ်။ အခုက ဖြန့်ဖြူးရေးပိုင်းမှာ အဆင်မပြေကြဘူး"ဟု တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦးက ပြောသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ယခုနှစ်ဩဂုတ်လ ၁၃ ရက်က အဆိုပါ ရေအားလျှပ်စစ် စက်ရုံကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်ပေးနိုင်ရန်နှင့် ယင်း ဒေသခံတိုင်းရင်းသားပြည်သူများအတွက် သက်သာသော မီတာခနှုန်းထားဖြင့် အမြန်ဆုံးဖြန့်ဖြူးပေးနိုင်ရန် နိုင်ငံတော်သမ္မတထံ စာတင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီတာခနှုန်းထားနှင့်ပတ်သက်၍ ဒေသခံများနှင့် ကုမ္ပဏီမှတာဝန်ရှိသူများ အောက်တိုဘာလ ၂၂ ရက်က ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့သော်လည်း ကုမ္ပဏီမှ သတ်မှတ်ထားသည့် ၂၅၀ ကျပ်နှင့် ပြည်သူများတောင်းဆိုသည့် ၃၅ ကျပ် သည် ကွာခြားမှုများနေသည့်အတွက် တိကျသည့်အဖြေမရရှိသေးကြောင်း သိရသည်။

ရှင်ဗွေယန်မြို့တွင် အိမ်ခြေ ၈၀၀ နှင့် ၁၀၀၀ ကြားရှိပြီး စားသောက်ကုန်များကို တရုံချောင်းဂိတ်မှတစ်ဆင့် တင်သွင်းကာ စားသောက်နေကြောင်း သိရသည်။

မွန်းမွန်းပန်

# တရုတ်ရေအားလျှပ်စစ်ကုမ္ပဏီက မလိယန်တွင် ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်

အောက်တိုဘာ ၂၅

မြစ်ဆုံစီမံကိန်းကြောင့် ပြောင်းရွှေ့ခဲ့သည့် မြစ်ကြီးနားမြို့နယ်၊ မလိယန်ကျေးရွာရှိ မူလတန်းလွန်ကျောင်းကို SPIC ကုမ္ပဏီက အခန်းလေးခန်းပါ သီးသန့်ဆောင်တစ်ဆောင် ထပ်မံတိုးချဲ့တည်ဆောက်ပေးနေကြောင်း သိရသည်။

ယခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ အုတ်စီကျောင်းဆောင် တည်ဆောက်ပေးနေခြင်းဖြစ်ပြီး လာမည့်နှစ်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မလိယန် မူလွန်ကျောင်းတွင် သူငယ်တန်းမှ ဆဋ္ဌမတန်းအထိရှိပြီး ကျောင်းသူ/သား ဦးရေ ၁၅၀ ကျော် ရှိကြောင်း သိရသည်။


ထို့ပြင် မလိယန်ကျေးရွာရှိ နှစ်ခြင်းခရစ်ယာန် ဘုရားကျောင်း ဓမ္မာရုံကိုလည်း ဆောက်လုပ်ပေးမည်ဖြစ်ကာ ပျက်စီးနေသည့် ကျောင်းဆောင်များကို ပြုပြင်ပေးသွားမည်ဖြစ်ကြောင်း မလိယန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးနော်အောင်က ပြောသည်။

"ဒါတွေက ကျေးရွာက ရွာသူရွာသားတွေ တင်ပြထားလို့ အဲဒီ CPI တရုတ်ကုမ္ပဏီကလာပြီးကူညီပေးနေတာ ဖြစ်တယ်။ အစိုးရအနေနဲ့ လုပ်ပေးမယ့်ဟာတွေကို သူတို့က လုပ်ပေးလို့ကူညီပေးလို့ဝမ်းသာတယ်"ဟု ဦးနော်အောင်က ပြောသည်။

မြစ်ဆုံစီမံကိန်းကြောင့် ပြောင်းရွှေ့ခံရသည့် မလိယန်ကျေးရွာတွင် လူဦးရေ ၆၀၀ ကျော်ရှိကြောင်း သိရသည်။

Ah Je




# မြန်မာနိုင်ငံမှ မွေးရာပါနှလုံးရောဂါဝေဒနာရှင် ကလေး ၁၀ ဦး အခမဲ့ဆေးကုသခံယူရန် ကူမင်းမြို့သို့ရောက်ရှိ

အောက်တိုဘာ ၁၂




တရုတ် - မြန်မာချစ်ကြည်ရေးအနေဖြင့် "မွေးရာပါနှလုံးရောဂါရှင် ကလေးငယ်ကူညီပေးရေးလှုပ်ရှားမှု" (အခမဲ့ကူညီမှု) ဒုတိယအသုတ်အဖြစ် မြန်မာနိုင်ငံမှ ဝေဒနာရှင် ၁၀ ဦး တရုတ်နိုင်ငံ၊ ကူမင်းမြို့သို့ ရောက်ရှိခဲ့ပြီး ယူနန်ပြည်နယ် ဖူဝိုက်နှလုံးသွေးကြောရောဂါကုဆေးရုံကြီးတွင် အခမဲ့စရိတ်ငြိမ်း ခွဲစိတ်ကုသမှုခံယူရန် အောက်တိုဘာလ ၁၀ ရက်နေ့က ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ယခုအကြိမ်မှ ကလေးငယ်များသည် တရုတ်အမျိုးသားကုသိုလ်ဖြစ်အဖွဲ့ချုပ်မှ ကူညီပို့ဆောင်ပေးသော ဒုတိယအသုတ်ဖြစ်ကာ ၎င်းတို့အထဲတွင် အသက်အကြီးဆုံး ၁၀ နှစ်အရွယ်မှ အငယ်ဆုံး ၂ နှစ်သားဖြစ်သည်။

ရောဂါရှုပ်ထွေးမှုနှင့် မြန်မာနိုင်ငံ၏ ဆေးဝါးကုသမှုအနေအထားလိုအပ်ချက်ကြောင့် အခြားနိုင်ငံတွင် ကနဦး ခွဲစိတ်ကုသမှုများ ပြုလုပ်ခဲ့သော်လည်း အဆိုပါကလေးငယ်များအတွက် ထိရောက်သော ကုသမှုကို မရရှိခဲ့ကြောင်း သိရသည်။

ဝေဒနာရှင် ကလေးငယ်များ၏ ရွေးချယ်စစ်ဆေးသည့် လုပ်ငန်းကို ယခုနှစ် စက်တင်ဘာလ၌ စတင်ဆောင်ရွက်ခဲ့ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့များက မြန်မာနိုင်ငံမှ မွေးရာပါနှလုံးဝေဒနာရှင် ကလေးငယ် ၅၈ ဦးကို အသေးစိတ် စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် ၎င်းတို့အထဲမှ ရောဂါဆိုးရွားသော ဝေဒနာရှင် ၁၅ ဦးကို ကူညီကုသပေးရန် စီစဉ်ထားသည်။ ယခုအကြိမ် ဝေဒနာရှင် ၁၀ ဦး ဆေးရုံတက်ရောက်ပြီးနောက် ကျန်ရှိနေသော ဝေဒနာရှင် ၅ ဦးကို လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ပြီး ကူမင်းမြို့သို့ ခွဲစိတ်ကုသမှုခံယူရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းထောက် ချင်သိုက်ယွဲ့

(သတင်းရင်းမြစ် - ယူနန်ကွန်ရက်)

**ပေါက်ဖော်မြန်မာသတင်းစာ**

# စင်ကာပူနိုင်ငံ၌ ကျင်းပသော Miss & Mrs. Inter-Nations 2018 ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့သည့် ကချင်ပြည်နယ်သူ ဒေါ်နီနီအောင်

အောက်တိုဘာ ၂၅

စင်ကာပူနိုင်ငံမှာ ကျင်းပခဲ့တဲ့ Miss & Mrs. Inter-Nations 2018 အိမ်ထောင်ရှင် အလှမယ် ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့တဲ့ မြစ်ကြီးနားမြို့မှ အသက် ၅၅ နှစ်အရွယ် ဒေါ်နီနီအောင်ဟာ Mrs. South-East Asia 2018 သရဖူဆုကြီး ကို ဆွတ်ခူး ရရှိကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ပါတယ်။

အဲဒီ ပြိုင်ပွဲကြီးမှာဆိုရင် နိုင်ငံပေါင်း ၂၃ နိုင်ငံက အလှမယ် ၃၄ ယောက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မိမိရဲ့ကိုယ်ပိုင် Talent တွေ၊ အားကစား Talent တွေနဲ့ အဆင့်ဆင့်ယှဉ်ပြိုင်ရတဲ့ ပြိုင်ပွဲကြီးတစ်ခုဖြစ်ပြီး ဒီလိုအခက်အခဲပေါင်း မြောက်မြားစွာကို ကျော်ဖြတ်ပြီးမှ ဒီပြိုင်ပွဲကြီးမှာ ဆုရရှိခဲ့တာဖြစ်တယ်လို့ ဒေါ်နီနီအောင်က မြစ်ကြီးနားသတင်းဂျာနယ်ကို ပြောပါတယ်။

"ပြိုင်ပွဲမှာကတော့ နိုင်ငံတစ်နိုင်ငံကပဲ နှစ်ယောက်သုံးယောက် လာပြိုင်တာရှိတယ်။ မြန်မာနိုင်ငံကတော့ တစ်ယောက်တည်းပဲ။ ပြီးတော့ ဒီပွဲကတော့ တကယ်ကိုအခက်အခဲဖြစ်ခဲ့ရပါတယ်။ ကိုယ်က အင်္ဂလိပ်ပိုင်းကို မိတ်ဆက်တာလောက်ပဲ ရတယ်။ ရန်ကုန်က ပွဲစီစဉ်တဲ့သူက သူကိုယ်တိုင် စကားပြန်လုပ်မယ် ဆိုပြီး နောက်တော့ သူက ရုတ်တရက် ဆေးရုံတင်လိုက်ရတော့ ကိုယ်ကမသွားရင်လည်း မဖြစ်တော့ဘူး။ အဲ့ဒီအခါကျတော့ လင်မယားနှစ်ယောက်ပဲ သွားလိုက်ရတယ်၊ အင်္ဂလိပ်လို မကျွမ်းတော့ တော်တော်ဒုက္ခရောက်ခဲ့ရပါတယ်။ သူတို့ ဝတ်ပုံစားပုံကိုကြည့်ပြီး ဒါကတော့ Talent ပြိုင်မှာပဲဆိုပြီး ကိုယ် ကလည်း ဝတ်စုံကို ချက်ချင်းကောက်ဝတ်လိုက်တယ်။ လင်မယားနှစ်ယောက် သူတို့ဘယ်လိုလုပ်တယ်၊ ဘယ်သွားတယ်ဆိုတာကို မျက်ခြေမပြတ် ကြည့်ပြီး တောက်လျှောက် လိုက်တယ်ပေါ့နော်။ အဲ့လိုလုပ်ခဲ့ရပါတယ်"ဟု ဒေါ်နီနီအောင်က ပြောပါတယ်။

ပြိုင်ပွဲမှာ ဆုကြီး ၄ ဆုဖြစ်တဲ့ Winner, First Runner Up, Second Runner Up နဲ့ အလှမယ်တွေထဲကပြိုင်ပွဲတစ်လျှောက် ဘက်စုံထူးချွန်တဲ့ အကောင်းဆုံးအလှမယ်ဆု Mrs. South-East Asia 2018 ကို ချီးမြှင့်ခံခဲ့ရတာဖြစ်ပြီး အိမ်ထောင်ရှင်အလှမယ် ဒေါ်နီနီအောင်ဟာ ပြိုင်ပွဲဝင်အလှမယ် ၃၃ ယောက်ရဲ့ သဘောကျမဲပေးမှုတွေကြောင့် သူမရဲ့အကောင်းဆုံးအလှမယ်သရဖူကို ရရှိခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံ ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ဒီဆုကို ရရှိခဲ့တဲ့အတွက် အလွန်ပျော်ရွှင်ဂုဏ်ယူကြောင်းနဲ့ အိမ်ထောင်ရှင် အမျိုးသမီးတွေကိုလည်း အိမ်ထောင်ရေးကိစ္စတွေမှာပဲ အချိန်ကုန်မခံဘဲ မိမိတတ်ကျွမ်းတဲ့ပညာနဲ့ အကောင်းဆုံးကြိုးစားကြဖို့ ဒေါ်နီနီအောင်က တိုက်တွန်းပြောဆိုပါတယ်။

"သူများနိုင်ငံမှာ ဆုတစ်ဆုရဖို့ဆိုတာ မလွယ်ဘူး။ ဒီဆုရဖို့ လာဘ်ထိုး ဘာထိုးဖို့ဆိုတာလည်း အဲ့ဒီနိုင်ငံက လုပ်လို့မရဘူး။ သူတို့က ကိုယ်ပိုင်အရည်အချင်းကိုပဲ ရွေးတယ်။ ပြိုင်ပွဲမှာက အသက် ၅၀ အထက် သက်ကြီးမယ်ဆိုလို့ သွားပြိုင်လိုက်တာ တကယ်တမ်းကျတော့ အသက် ၂၀ ကျော်လေးတွေကအစပါတယ်၊ အဲ့ဒီထဲမှာ ကျွန်မ ဒီဆုကိုရတော့ အရမ်းဝမ်းသာပါတယ်၊ ကျွန်မ အသက် ၅၅ နှစ်တောင်မှ အားကစားနဲ့ပတ်သက်ပြီး ကမ္ဘာကိုရောက်ခဲ့တယ်။ အိမ်ထောင်ရှင်များအနေနဲ့ အိမ်အလုပ်မှာပဲ လုံးပန်းမနေဘဲနဲ့ ကိုယ်တတ်စွမ်းတဲ့ပညာနဲ့ အကုန်လုံး အားကစားပဲဖြစ်ဖြစ်၊ အိမ်ထောင်ရှင် အလှမယ်ဖြစ်ဖြစ် နိုင်ငံကိုယ်စားပြုဖြစ်အောင် အားလုံးကို တိုက်တွန်းချင်ပါတယ်" လို့ ၎င်းက ဆိုပါတယ်။

အိမ်ထောင်ရှင် အလှမယ် ဒေါ်နီနီအောင်အနေနဲ့ Mrs. Queen Of the World Myanmar Classic Kachin State 2018, Mrs. Elite Queen Of the World Myanmar 2018, အိုလံပစ်မယ် ၂၀၁၈ နှင့်အခြား Title ဆုတွေကို ရရှိထားသူတစ်ဦးလည်း ဖြစ်ပါတယ်။

Miss & Mrs. Inter-Nations (Global Empowered Women) ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံက ဒုတိယအကြိမ် ကိုယ်စားပြု ဒေါ်နီနီအောင်က သွားရောက်ယှဉ်ပြိုင်ခဲ့ရာမှာ ကချင်ပြည်နယ်နဲ့ နိုင်ငံ့ဂုဏ်ဆောင်ပြီး နိုင်ငံတကာရဲ့ ပထမဦးဆုံး သရဖူတစ်ခုကို ရယူလာနိုင်ခဲ့ပါတယ်။



ဒေါ်နီနီအောင်ဟာ မြစ်ကြီးနား တင်းနစ်ကွင်းနားက အလေးမအားကစားရုံက နည်းပြဆရာ ဦးစိန်မြင့်ဇော်ရဲ့ ချစ်ဇနီးဖြစ်ပြီး ဦးစိန်မြင့်ဇော်က ကာယပညာလောကမှာ ဝါရင့်နည်းပြတစ်ဦး ဖြစ်တယ်လို့လည်း သိရပါတယ်။

Benadeth






# U - 14 အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲသို့ ကချင်ပြည်နယ်မှ သွားရောက်ယှဉ်ပြိုင်မည်

အောက်တိုဘာ ၂၅

နိုဝင်ဘာလ ၃ ရက်နေ့တွင် ရန်ကုန်၌ ကျင်းပမည့် အခြေခံပညာကျောင်းပေါင်းစုံအသက် ၁၄ နှစ် အောက် (အမျိုး သား) ဘောလုံးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ လက်ရွေးစင်ဘောလုံးအသင်း သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို ကျောင်းလက်ရွေးစင်ဘောလုံးအသင်းကို မြစ်ကြီးနား၊ မိုးကောင်း၊ မံစီ၊ တနိုင်းနှင့် မိုးညှင်းမြို့နယ်တို့မှ ကျောင်းသား ၁၆ ဦးကို ရွေးချယ်ဖွဲ့စည်းထားကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

"ကျွန်တော်တို့ ကျောင်းတွေမှာက ဒီလိုပွဲတွေကိုနှစ်စဉ် မလုပ်ပေးနိုင်တော့ တကယ်ထူးချွန်တဲ့ကလေးတွေ ရှိပေမယ့် မမွေးထုတ်နိုင်ဘူး။ တကယ်လည်း ကျွန်တော်တို့မှာ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်မယ့်အလားအလာရှိတဲ့ ကလေးတွေရှိပါတယ်"ဟု ပြည်နယ်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ(ကာယ/ကျောင်းကျန်းမာရေး/စာကြည့်တိုက်) ဦးခင်မောင်ရီက မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။



အခြေခံပညာ ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲသို့သွားရောက်ယှဉ်ပြိုင်မည့် လက်ရွေးစင်အသင်းကိုမြစ်ကြီးနား အ.ထ. က(၁)တွင် ပြိုင်ပွဲကျင်းပပြီး အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ ကျွမ်းကျင်အမှုထမ်းများက လာရောက်ရွေးချယ်ပေးခဲ့ခြင်း ဖြစ်သည်ဟုလည်း သိရသည်။

ထိုအသက်၁၄နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့ရှိ သုဝဏ္ဏမြက်ခင်းတုကွင်းတွင် နိုဝင်ဘာလ ၁၆ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ရာ ပထမဆုအဖြစ်ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုကိုငွေကျပ်၁၀သိန်း၊ တတိယဆုအဖြစ် ငွေကျပ် ၅ သိန်းပေးအပ်သွားမည်ဟု သိရသည်။

ဆိုင်း(ကချင်မြေ)

# ဒုတိယအကြိမ် လာချိဒ်လူငယ်များ မိတ်သဟာယ ဘောလုံးပြိုင်ပွဲတွင် တပ်ကုန်းလာချိဒ်လူငယ်အသင်း ဗိုလ်စွဲ

အောက်တိုဘာ ၂၅

ဒုတိယအကြိမ်ကျင်းပခဲ့သည့် လာချိဒ်လူငယ်များ မိတ်သဟာယ ဘောလုံးပြိုင်ပွဲတွင် တပ်ကုန်းအသင်းက ဗိုလ်စွဲသွားသည်။

ထိုဗိုလ်လုပွဲကို အောက်တိုဘာလ ၂၄ ရက်နေ့တွင် တပ်ကုန်း လာချိဒ်လူငယ်အသင်းနှင့် လာချိဒ်ဆရာများအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်ကုန်းအသင်းက ပွဲပြီးရလဒ် တစ်ဂိုး၊ ဂိုးမရှိဖြင့်အနိုင်ရဗိုလ်စွဲကာ ၂၀၁၈ ခုနှစ်၏လာချိဒ်လူငယ်များဖလား ချန်ပီယံဆုကိုဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

ထိုသို့သော မိတ်သဟာယ ဘောလုံးပြိုင်ပွဲများကို လာမည့်နှစ်များတွင်လည်း ဆက်လက်ကျင်းပသွားရန် ရည်ရွယ်လုပ်ဆောင်နေသည်ဟုလည်း ဘောလုံးပွဲဖြစ်မြောက်ရေးကော်မတီဝင် တပ်ကုန်းအသင်းအုပ်ချုပ်သူ ဦးလုတ်စိန်ကျန်းယော်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒီဘောလုံးပွဲက လာချိဒ်လူငယ်တွေအချင်းချင်း ပိုမိုရင်းနှီးလာကြပြီး အချင်းချင်းစည်းလုံးညီညွတ်မှု ရရှိလာစေဖို့ပဲ။ ဒါက ဒီပွဲရဲ့ရည်ရွယ်ချက်လည်းဖြစ်ပါတယ်"ဟု ဦးလုတ်စိန်ကျန်းယော်က ပြောသည်။

ထို လာချိဒ်လူငယ်များဖလား မိတ်သဟာယဘောလုံးပွဲကို လာချိဒ်စာပေနှင့် ယဉ်ကျေးမှု(ဗဟို)ကော်မတီမှ လူငယ်များအဖွဲ့က တာဝန်ယူကျင်းပခဲ့ခြင်းဖြစ်ကာ ထိုဘောလုံးပွဲကို အောက်တိုဘာလ ၆ ရက်နေ့မှ စတင်ကျင်းပခဲ့ရာ အသင်းပေါင်း ၁၁ သင်းပါဝင်ခဲ့ပြီး မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ရာဒါကောင်း(အေ)ဘောလုံးကွင်းကြီးတွင် ကြီးမှူးကျင်းပခဲ့ကြခြင်း ဖြစ်သည်။

ဆိုင်း(ကချင်မြေ)

» ၈ - ၁၀ မှ

တာကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ဒေါ်လာငွေဈေးတက်ရင် မြန်မာပြည်လည်း ရှောင်ရှားလို့ရမှာ မဟုတ်ပါဘူး။ ပြည်သူတစ်တွေ ညီညီညွတ်ညွတ်တောင့်ခံနိုင်ဖို့လိုပါတယ်။ ဆိုတော့ ဥက္ကဋ္ဌ ဦးသန်းဌေး ဦးဆောင်တဲ့ ကြံ့ခိုင်ရေးပါတီနဲ့အတူ (၂၇)ပါတီပြောခဲ့သလို စီးပွားရေးကျဆင်းတာတွေ၊ လူမှုဘဝ လုံခြုံမှုမရှိတာတွေရဲ့ ဇာစ်မြစ်ကို ပြည်သူလူထုအားလုံး တွက်ဆနိုင်ကြမယ်ထင်ပါတယ်။

ဒါကြောင့် အမျိုးသားဒီမိုကရေစီပါတီအနေနဲ့ တိုင်းရင်းသားပါတီငယ်လေးတွေနဲ့ မဟာမိတ်ဖြစ်အောင် စုစည်းပြင်ဆင်ထားဖို့လိုသလို၊ တိုင်းရင်းသားပါတီငယ်တွေ အချင်းချင်းလည်း စိတ်ဝမ်းမကွဲကြပဲ အဓိကကျတဲ့ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံကိုပြင်ဆင်ဖို့ ကြိုးစားနေတဲ့ အမျိုးသားဒီမိုကရေစီပါတီနဲ့ မဟာမိတ်အင်အားစုများအဖြစ်ဖွဲ့စည်းကြပြီး အချိန်များများမကျန်တော့တဲ့ ကာလအတွင်းမှာ ထာဝရငြိမ်းချမ်းရေးနဲ့အတူ ဖက်ဒရယ်အခြေခံဥပဒေများကို အနာဂတ်မျိုးဆက်သစ်တွေအတွက် ချန်ထားခဲ့ရစ်နိုင်ပါစေလို့ ဆန္ဒပြုရင်း တင်ပြလိုက်ရပါတယ်။

LUNG GA PA
Lungga pa စားသောက်ဆိုင်
မနော‌ကွင်းအတွင်းရှိ Lung Ga Pa ဆိုင်မှ မိတ်ဟောင်းမိတ်သစ်များကို နွေးထွေးစွာ အမြဲကြိုဆိုလျက်ပါ......



Ph - 09-259846599, 09-258788523, 09788873315, 09976607444 မနောကွင်း ဝင်းအတွင်း


eXTRA စတောက် အခွင့်အရေး
သိန်း ၁၀၀ (၃)ဆု
ABC
EXTRA STOUT
ARCHIPELAGO BREWERY COMPANY
INTERNATIONAL AWARD WINNING STOUT
သိန်း(၁၀၀)ကျပ် (၁၀၀၀)ကျပ် (၅၀၀)ကျပ်
ONE THD
FIVE HRD
(၁)ဗူး ကျေးဇူးတင်ပါသည်
THANKS
၂၀၁၈ စက်တင်ဘာ(၁)ရက်နေ့မှ ပစ္စည်းလက်ကျန် ရှိသည့်အချိန်အထိ
တောင်ကြီး၊ မြစ်ကြီးနား၊ မကွေးမြို့သီးသန့် (အခြားမြို့များတွင်လဲလှယ်၍မရပါ)
ဆုမဲများကို ၂၀၁၈၊ နိုဝင်ဘာ(၁၅)ရက်ထိသာလဲလှယ်နိုင်ပါသည်။
စည်းကမ်းသတ်မှတ်ချက်များ
၁ ABC Extra Stout ကံစမ်းမဲအား အသက် (၁၈)နှစ်ပြည့်ပြီးသူများသာ ပါဝင်ကံစမ်းနိုင်ပါသည်။
၂ ၁၀၀၀ ကျပ်၊ ၅၀၀ကျပ် နှင့် ဘီယာဗူးလက်ဆောင်များကို ဝယ်ယူသည့် အရောင်းဆိုင်များတွင် တစ်ခါတည်း ထုတ်ယူနိုင်ပါသည်။ မဲပေါက်သော ဘီယာဗူးလက်ဆောင် များအား မဲမပါသော ရိုးရိုးသံဗူးများဖြင့်သာ လဲလှယ်ပေးပါမည်။ တောင်ကြီး၊ မြစ်ကြီးနား နှင့် မကွေးမြို့များတွင်သာ ဆုမဲ လဲလှယ်နိုင်သည်။
၃ သိန်း (၁၀၀) ဆုမဲကြီးအား ရန်ကုန်မြို့ရုံးချုပ်တွင်သာ လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။
၄ အကယ်၍ အငြင်းပွားမှုများ (သို့မဟုတ်) အတုအပ ပြုလုပ်မှုများနှင့် မမှန်ကန်သော နည်းလမ်းများ တစုံတရာ ပေါ်ပေါက်လာပါက ABC Extra Stout ( HEINEKEN Myanmar Enterprise Limited) သည်သာလျှင် အတည်ပြု ဆုံးဖြတ်ခွင့်နှင့် သဘောတူ လုပ်ပိုင်ခွင့် အပြည့်အဝ အလုံးစုံရှိသည်။
၅ HEINEKEN Myanmar ကုမ္ပဏီမှ ဝန်ထမ်းများ၊ ဖက်စပ် ကုမ္ပဏီများ၊ သက်ဆိုင်ရာ အေဂျင်စီများနှင့် မိသားစု ဆွေမျိုးများ ပါဝင်ကံစမ်းခွင့်မရှိပါ။
အသေးစိတ် စည်းကမ်းသတ်မှတ်ချက်များကို
www.facebook.com/ABCExtraStoutMyanmar တွင်ကြည့်ရှုနိုင်ပါသည်။
+18 ABC EXTRA STOUT အား ချင့်ချိန်၍တစ္စာ နှစ်မြိုက်ခံစားပါ